# အခန်း (၁) ကျွန်ုပ်တို့၏နိုင်ငံ (မြန်မာနိုင်ငံ)

## (၁-၁) မြန်မာနိုင်ငံရဲ့ တည်နေရာနဲ့ မြေမျက်နှာသွင်ပြင် အခြေအနေတွေ ဘယ်လိုရှိသလဲ



မြန်မာနိုင်ငံရဲ့ တည်နေရာ အကျယ်အဝန်းနဲ့ အိမ်နီးချင်းနိုင်ငံတွေကို လေ့လာကြရအောင်

### မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများပြပုံ




မြန်မာနိုင်ငံသည် အာရှတိုက် အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး ဧရိယာ ၆၇၆၅၇၇ စတုရန်းကီလိုမီတာ(၂၆၁၂၂၈ စတုရန်းမိုင်) ကျယ်ဝန်းသည်။ တောင်နှင့်မြောက် အရှည်ဆုံးအကွာအဝေးသည် ၂၀၅၂ ကီလိုမီတာခန့်ရှည်ပြီး အရှေ့နှင့်အနောက် အကျယ်ဆုံးအကွာအဝေးသည် ၉၃၇ ကီလိုမီတာခန့်ကျယ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဟု ခေါ်သည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသောနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယ နိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။




## ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏
## မြေမျက်နှာသွင်ပြင်အခြေအနေပြပုံ




မြန်မာနိုင်ငံသည် တောင်တန်းပေါများသော နိုင်ငံဖြစ်ပြီး တောင်တန်းများသည် ဟိမဝန္တာတောင်တန်းကြီး၏အဆက်ဖြစ်ကာ မြောက်ဘက်မှတောင်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကြီးမားကျယ်ပြန့်သော မြေနိမ့်လွင်ပြင် ရှိသည်။

မြန်မာနိုင်ငံရှိမြစ်များသည် မြောက်ဘက်မြင့်မားသည့်နေရာမှ မြစ်ဖျားခံကာ အလယ်ပိုင်း မြေပြန့်ဒေသသို့ စီးဆင်းလာပြီး ထိုမှတစ်ဆင့် တောင်ဘက်ရှိ ပင်လယ်ထဲသို့ စီးဝင်ကြသည်။ အဓိကမြစ်ကြီးများမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံ အနောက်ဘက်နှင့်တောင်ဘက်ရှိ တောင်တန်းများနှင့် ပင်လယ်တို့ အကြားတွင် ကျဉ်းမြောင်းသော ကမ်းရိုးတန်းများရှိသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသ များသည် ဘင်္ဂလားပင်လယ်အော်၊ မုတ္တမပင်လယ်ကွေ့၊ ကပ္ပလီပင်လယ်တို့နှင့် ထိစပ် နေသည်။

မြန်မာနိုင်ငံတွင် ကျွန်းများစွာရှိပြီး ထင်ရှားသောကျွန်းများမှာ ဖရုံကာကျွန်းများ၊ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ ကိုကိုးကျွန်း၊ ဘီလူးကျွန်း စသည်တို့ဖြစ်သည်။ ကျွန်းစု အနေဖြင့် မြိတ်ကျွန်းစုကို တွေ့ရသည်။ ထင်ရှားသော သဘာဝရေအိုင်ကြီးများမှာ အင်းတော်ကြီးအိုင်နှင့် အင်းလေးအိုင်တို့ ဖြစ်ကြသည်။

**တောင်တန်းများ**



**အင်းလေးအိုင်**




**မေးခွန်း** ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အခြေအနေပြပုံကိုလေ့လာပြီး အောက်ပါဇယားကို ဖြည့်စွက်ပါ။

| မြစ် | ပင်လယ်၊ ပင်လယ်အော်၊ ပင်လယ်ကွေ့ | ကျွန်း၊ ကျွန်းစု | အိုင် |
|---|---|---|---|
| | | | |

## (၁–၂) မြန်မာနိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်တွေနဲ့ ရာသီဥတု အခြေအနေတွေ ဘယ်လိုဆက်နွှယ်နေသလဲ သဘာဝအပိုင်းကြီးတွေကို ဘယ်လိုပိုင်းခြားထားသလဲ



ဒေသတစ်ခုရဲ့ တည်နေရာ မြေမျက်နှာသွင်ပြင်အနေအထားတွေနဲ့
အဲဒီဒေသရဲ့ ရာသီဥတုအခြေအနေတွေက ဆက်နွှယ်နေတယ်
ရာသီဥတုကို လေ့လာမယ်ဆိုရင် အပူချိန်နဲ့ မိုးရေချိန်အခြေအနေတွေကို
သိဖို့လိုအပ်တယ် ဒါကြောင့် တို့နိုင်ငံရဲ့ ဒေသအလိုက်
အပူချိန်အခြေအနေတွေကို အရင်လေ့လာကြည့်ကြရအောင်




ယေဘုယျအားဖြင့် အပူချိန် ၂၆ ဒီဂရီ ဆဲလ်စီးယပ်(၂၆°C) အထက်ရှိပါက ပူပြီး အပူချိန် ၂၂ ဒီဂရီ ဆဲလ်စီးယပ်(၂၂°C) အောက်ရှိပါက အေးသည်။ ၎င်းအပူချိန် ၂ ခု ကြားသည် သင့်တင့်သောအပူချိန်ဖြစ်ပါသည်။

**မေးခွန်းများ** (၁) ရာသီဥတုအခြေအနေသည် အပူချိန်ဒီဂရီတိုးလျှင် မည်သို့ဖြစ်မည်နည်း။
(၂) ရာသီဥတုအခြေအနေသည် အပူချိန်ဒီဂရီလျော့လျှင် မည်သို့ဖြစ်မည်နည်း။



ဇယားမှာဖော်ပြထားတဲ့ မြို့အလိုက်အပူချိန်တွေကို အောက်ပါအတိုင်း အဆင့်ဆင့်လေ့လာကြည့်ကြရအောင်


(၁) ဇယားမှာဖော်ပြထားတဲ့ အပူချိန်တွေကိုလေ့လာပြီး **ပူ/သင့်တင့်/အေး** ကော်လံမှာ **အပူချိန်** အခြေအနေတွေကို ဖြည့်စွက်ပါ

(၂) ဖြည့်စွက်ထားတဲ့ **အပူချိန်** အခြေအနေပေါ် မူတည်ပြီး အရောင်ခွဲကာ မြေပုံမှာဖြည့်စွက်ပါ

(၃) မြေပုံပေါ်မှာ ဖြည့်စွက်ထားတဲ့ **အပူချိန်** အခြေအနေတွေကို မြန်မာနိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်အနေအထားနဲ့ ဆက်စပ်ပြီးရေးပါ

## မြန်မာနိုင်ငံ၏ မြို့အလိုက် အပူချိန်အခြေအနေ

| စဉ် | မြို့အမည် | နှစ်စဉ်ပျမ်းမျှအပူချိန် (°C) | ပူ/သင့်တင့်/အေး |
|---|---|---|---|
| ၁ | ပူတာအို | ၂၁ | |
| ၂ | တောင်ကြီး | ၂၀ | |
| ၃ | ဖလမ်း | ၁၉ | |
| ၄ | ဟားခါး | ၁၀ | |
| ၅ | ချောက် | ၂၈ | |
| ၆ | မြင်းခြံ | ၂၈ | |
| ၇ | စစ်တွေ | ၂၆ | |
| ၈ | သံတွဲ | ၂၆ | |
| ၉ | ထားဝယ် | ၂၇ | |






DBE-BOX

မြန်မာနိုင်ငံ၏ မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့သည် တောင်တန်းဒေသများဖြစ်သဖြင့် အပူချိန်နည်းပြီး အေးသည်။ မြန်မာနိုင်ငံအနောက်ဘက်ရှိ ကမ်းရိုးတန်းဒေသများသည် သင့်တင့်မျှတသော အပူချိန်ရရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပင်လယ်နှင့်နီးသဖြင့် ပင်လယ်၏သက်ရောက်မှုကို ခံရသောကြောင့်ဖြစ်သည်။ တောင်ဘက်ပိုင်းရှိ ကမ်းရိုးတန်းဒေသသည် အနောက်ဘက်ရှိ ကမ်းရိုးတန်းဒေသများထက် အပူချိန်ပိုသည်။ မြန်မာနိုင်ငံအလယ်ပိုင်းသည် မြေနိမ့်ဒေသဖြစ်ပြီး ပင်လယ်နှင့်ဝေးသဖြင့် ပင်လယ်၏ သက်ရောက်မှုကို မခံရသောကြောင့် အပူချိန်များသည်။

ထို့ကြောင့် ဒေသအလိုက် အပူချိန်အခြေအနေသည် ဒေသ၏တည်နေရာ၊ မြေမျက်နှာသွင်ပြင်တို့နှင့် ဆက်နွှယ်နေသည်။



တို့နိုင်ငံရဲ့ ဒေသအလိုက် မိုးရွာတဲ့အခြေအနေတွေကို လေ့လာကြည့်ကြရအောင်



**မိုးနည်း**

၁၂၀၀ မီလီမီတာအောက်



**မိုးအသင့်အတင့်**

၁၂၀၀ မီလီမီတာမှ ၃၀၀၀ မီလီမီတာအထိ



**မိုးများ**

၃၀၀၀ မီလီမီတာအထက်

ဒေသတစ်ခု၏ မိုးရေချိန်အနည်းအများကို ဖော်ပြရာတွင် တစ်နှစ်ပတ်လုံးရရှိသည့် မိုးရေချိန်စုစုပေါင်းပေါ်မူတည်၍ ဖော်ပြသည်။

တစ်နှစ်ပတ်လုံးရရှိသည့် မိုးရေချိန်စုစုပေါင်းသည် ၁၂၀၀ မီလီမီတာ (၁၂၀၀ mm) အောက်ရရှိပါက မိုးနည်းသည့်ဒေသဖြစ်ပြီး ၃၀၀၀ မီလီမီတာ (၃၀၀၀ mm)အထက်ရရှိပါက မိုးများသောဒေသဖြစ်သည်။ ၎င်းမိုးရေချိန် ၂ ခုကြားရရှိပါက မိုးအသင့်အတင့်ရွာသွန်းသည့်ဒေသဖြစ်သည်။

DBE BOX



ဇယားမှာဖော်ပြထားတဲ့ မြို့အလိုက် မိုးရေချိန်တွေကို အောက်ပါအတိုင်း အဆင့်ဆင့်လေ့လာကြည့်ကြရအောင်


(၁) ဇယားမှာဖော်ပြထားတဲ့မိုးရေချိန်တွေကိုလေ့လာပြီး **မိုးနည်း/ သင့်တင့်/ မိုးများ** ကော်လံမှာ **မိုးရေချိန်** အခြေအနေတွေကို ဖြည့်စွက်ပါ

(၂) ဖြည့်စွက်ထားတဲ့ **မိုးရေချိန်** အခြေအနေတွေပေါ် မူတည်ပြီး အရောင်ခွဲကာ မြေပုံမှာဖြည့်စွက်ပါ

(၃) မြေပုံပေါ်မှာ ဖြည့်စွက်ထားတဲ့ **မိုးရေချိန်** အခြေအနေတွေကို မြန်မာနိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်အနေအထားနဲ့ ဆက်စပ်ပြီးရေးပါ

## မြန်မာနိုင်ငံ၏ မြို့အလိုက် မိုးရေချိန်ရရှိမှုအခြေအနေ

| စဉ် | မြို့အမည် | ပျမ်းမျှနှစ်စဉ်မိုးရေချိန် (mm) | မိုးနည်း/ သင့်တင့်/ မိုးများ |
|---|---|---|---|
| ၁ | ပူတာအို | ၄၁၈၇ | |
| ၂ | တောင်ကြီး | ၁၄၇၇ | |
| ၃ | ဖလမ်း | ၁၄၇၁ | |
| ၄ | ဟားခါး | ၁၈၂၉ | |
| ၅ | ချောက် | ၆၄၉ | |
| ၆ | မြင်းခြံ | ၆၄၇ | |
| ၇ | စစ်တွေ | ၄၇၇၃ | |
| ၈ | သံတွဲ | ၅၄၂၃ | |
| ၉ | ထားဝယ် | ၅၄၃၇ | |




DBE-BOX

မြန်မာနိုင်ငံ၏ အနောက်ဘက်နှင့် အရှေ့ဘက်တို့သည် တောင်တန်းဒေသများ ဖြစ်သဖြင့် မိုးအသင့်အတင့်ရွာသွန်းသည်။ မြောက်ဘက်ပိုင်းသည် ပို၍မြင့်မားသဖြင့် မိုးများသည်။ အလယ်ပိုင်းသည် မြေနိမ့်ဒေသဖြစ်သဖြင့် မိုးနည်းသည်။ အနောက်ဘက်နှင့် တောင်ဘက်တို့သည် ကမ်းရိုးတန်းဒေသများဖြစ်သဖြင့် မိုးပိုများသည်။

ဒေသအလိုက်ရရှိသော မိုးရေချိန်အခြေအနေသည် ဒေသ၏တည်နေရာ၊ မြေမျက်နှာသွင်ပြင်တို့နှင့် ဆက်နွယ်နေသည်။



အပူချိန်နဲ့မိုးရေချိန်အခြေအနေတွေကို သိခဲ့ပြီးပြီဆိုတော့ မြန်မာနိုင်ငံမှာ ဘယ်လို ရာသီဥတုတွေရှိသလဲဆိုတာ အောက်ပါအဆင့်တွေအတိုင်း လေ့လာကြည့်ကြရအောင်


(၁) ဖော်ပြထားတဲ့ အပူချိန်နဲ့ မိုးရေချိန်အခြေအနေတွေကိုလေ့လာပြီး **ရာသီဥတု** အခြေအနေတွေကို ဇယားမှာ ဖြည့်စွက်ပါ

(၂) ဖြည့်စွက်ထားတဲ့ **ရာသီဥတု**အခြေအနေတွေကို မူတည်ပြီး အရောင်ခွဲကာ မြေပုံမှာ ဖြည့်စွက်ပါ

(၃) မြေပုံပေါ်မှာ ဖြည့်စွက်ထားတဲ့ **ရာသီဥတု**အခြေအနေတွေကို မြန်မာနိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်အနေအထားနဲ့ ဆက်စပ်ပြီးရေးပါ

## မြန်မာနိုင်ငံ၏ မြို့အလိုက် ရာသီဥတုအခြေအနေ

| စဉ် | မြို့အမည် | အပူချိန် အခြေအနေ | မိုးရေချိန် အခြေအနေ | ရာသီဥတု အခြေအနေ |
|---|---|---|---|---|
| ၁ | ပူတာအို | အေး | မိုးများ | |
| ၂ | တောင်ကြီး | အေး | သင့်တင့် | |
| ၃ | ဖလမ်း | အေး | သင့်တင့် | |
| ၄ | ဟားခါး | အေး | သင့်တင့် | |
| ၅ | ချောက် | ပူ | မိုးနည်း | |
| ၆ | မြင်းခြံ | ပူ | မိုးနည်း | |
| ၇ | စစ်တွေ | သင့်တင့် | မိုးများ | |
| ၈ | သံတွဲ | သင့်တင့် | မိုးများ | |
| ၉ | ထားဝယ် | ပူ | မိုးများ | |




**မေးခွန်း** သင်နေထိုင်သည့်ဒေသသည် မည်သည့် ရာသီဥတုအခြေအနေ ရှိသနည်း။ အဘယ်ကြောင့်ဟု သင်ထင်သနည်း။


မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့သည် တောင်တန်းဒေသများဖြစ်သဖြင့် အေးပြီးမိုးအသင့်အတင့်ရွာသွန်းသော်လည်း မြောက်ဘက်ပိုင်းသည် အေးပြီး မိုးပိုမိုရွာသွန်းသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းသည် မြေနိမ့်ဒေသဖြစ်သဖြင့် အပူချိန်များပြီး မိုးနည်းသည်။ အနောက်ဘက်ရှိ ကမ်းရိုးတန်းဒေသများသည် အပူချိန်သင့်တင့်ပြီး မိုးများသော်လည်း တောင်ဘက်ရှိ ကမ်းရိုးတန်းဒေသများသည် အနောက်ဘက်ရှိ ကမ်းရိုးတန်းဒေသများထက် အပူချိန်များပြီး မိုးများသည်။

ဒေသအလိုက် ရာသီဥတုအခြေအနေသည် ဒေသ၏တည်နေရာ၊ မြေမျက်နှာသွင်ပြင်တို့နှင့် ဆက်နွယ်နေသည်။



မြန်မာနိုင်ငံရဲ့ သဘာဝအပိုင်းကြီးတွေကို ဘယ်လိုပိုင်းခြားထားသလဲဆိုတာ လေ့လာကြရအောင်

**မြန်မာနိုင်ငံ၏ သဘာဝအပိုင်းကြီးများပြပုံ**




မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတုများ ကွဲပြားသကဲ့သို့ ကုန်းမြေသက်တမ်းလည်း ကွဲပြားသည်။ ကုန်းမြေသက်တမ်းပေါ်မူတည်ပြီး သဘာဝအပိုင်းကြီးများပိုင်းခြားထားသည်။

မြန်မာနိုင်ငံ၏ အရှေ့ဘက်ရှိကုန်းမြင့်တောင်တန်းများသည် ကုန်းမြေတည်ဆောက်မှုသက်တမ်း အစောဆုံးဖြစ်သည်။

အနောက်ဘက်တွင်ရှိသော တောင်တန်းများသည် ကုန်းမြေတည်ဆောက်မှုသက်တမ်း ဒုတိယအစောဆုံး ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းသည် သက်တမ်းနုသော ကျောက်များဖြင့် တည်ဆောက်ထားသဖြင့် သက်တမ်းအနုဆုံး ဖြစ်သည်။ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ တောင်တန်းများအကြားတွင် တည်ရှိသဖြင့် ပိုနိမ့်ပြီး မြေပြန့်ပေါ်များသည်။ သို့သော် အချို့နေရာများတွင် တောင်တန်းများရှိသည်။

ဘင်္ဂလားပင်လယ်အော်နှင့် အနောက်ဘက်တောင်တန်းများ အကြားတွင်ရှိသော ရခိုင်ကမ်းရိုးတန်းဒေသသည်လည်း အလယ်ပိုင်းချိုင့်ဝှမ်းဒေသကဲ့သို့ သက်တမ်းနုသောအပိုင်း ဖြစ်သည်။ ထိုသို့ ကွဲပြားနေသော ကုန်းမြေ သက်တမ်းပေါ်မူတည်ပြီး

- အရှေ့ဘက်ကုန်းမြင့်ဒေသ
- အနောက်ဘက်တောင်တန်းဒေသ
- အလယ်ပိုင်းချိုင့်ဝှမ်းဒေသနှင့်
- ရခိုင်ကမ်းမြောင်ဒေသဟူ၍ ခွဲခြားနိုင်သည်။


DBHBOX

# (၁-၃) မြန်မာနိုင်ငံရဲ့ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ ပြည်ထောင်စုနယ်မြေတွေက ဘာတွေလဲ ဘယ်သူတွေ ဘယ်လိုနေထိုင်ကြသလဲ



မြန်မာနိုင်ငံရဲ့ ပြည်နယ်၊ တိုင်းဒေသကြီးတွေနဲ့ ပြည်ထောင်စုနယ်မြေကို ဘယ်လိုဖွဲ့စည်းထားသလဲဆိုတာ လေ့လာကြရအောင်

**ပြည်နယ်၊ တိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းရင်းသားလူမျိုးများပြပုံ**




မြန်မာနိုင်ငံကို ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်ထောင်စုနယ်မြေတို့ဖြင့် ဖွဲ့စည်းထားသည်။

ပြည်နယ် ၇ ခုမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဖြစ်ကြသည်။

တိုင်းဒေသကြီး ၇ ခုမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ကြသည်။

ပြည်ထောင်စုနယ်မြေမှာ နေပြည်တော်ပြည်ထောင်စုနယ်မြေ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အပါအဝင် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော် အတူတကွ နေထိုင်ကြသည်။

**မေးခွန်းများ** (၁) သဘာဝအပိုင်းကြီးများအလိုက် ပါဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေကို ရှာဖွေပြီးဖော်ပြပါ။

(၂) သင်နေထိုင်သော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုနယ်မြေကို ဖော်ပြပါ။


မြန်မာနိုင်ငံအနှံ့အပြားမှာ နေထိုင်သူတွေကို လေ့လာကြည့်ကြရအောင်



| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ | လူဦးရေ သန်းပေါင်း (၂၀၁၄) | လူဦးရေ သိပ်သည်းမှု* (၁ စတုရန်းကီလိုမီတာ) |
|---|---|---|
| ကချင် | ၁. ၆၈ | ၁၉ |
| ကယား | ၀. ၂၈ | ၂၄ |
| ကရင် | ၁. ၅၇ | ၅၂ |
| ချင်း | ၀. ၄၇ | ၁၃ |
| စစ်ကိုင်း | ၅. ၃၂ | ၅၇ |
| တနင်္သာရီ | ၁. ၄၀ | ၃၂ |
| ပဲခူး | ၄. ၈၆ | ၁၂၄ |
| မကွေး | ၃. ၉၁ | ၈၇ |
| မန္တလေး | ၆. ၁၆ | ၂၀၀ |
| မွန် | ၂. ၀၅ | ၁၆၇ |
| ရခိုင် | ၃. ၁၈ | ၈၇ |
| ရန်ကုန် | ၇. ၃၆ | ၇၁၆ |
| ရှမ်း | ၅. ၈၂ | ၃၇ |
| ဧရာဝတီ | ၆. ၁၈ | ၁၇၇ |
| နေပြည်တော် | ၁. ၁၆ | ၁၆၄ |

*လူဦးရေသိပ်သည်းမှု**ကို ၁ စတုရန်းကီလိုမီတာတွင် ရှိသော နေထိုင်သူ လူဦးရေ(ယောက်)ဖြင့် ဖော်ပြသည်။

**မြန်မာနိုင်ငံ၏ ဒေသအလိုက် နေထိုင်သူဦးရေပြဂရပ် (၂၀၁၄)**




မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁. ၄ သန်းကျော်ရှိသည်။ လူနေထိုင်မှုမှာ တစ်နေရာနှင့်တစ်နေရာ မတူညီကြပါ။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် နေထိုင်သူဦးရေများသောဒေသများ ဖြစ်ပြီး ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် နေထိုင်သူဦးရေနည်းသော ဒေသများဖြစ်သည်။

ထို့ကြောင့် မြေပြန့်ဒေသများသည် လူနေထိုင်မှုများသော ဒေသများ ဖြစ်ပြီး တောင်ထူထပ်သော ဒေသများသည် လူနေထိုင်မှုနည်းသော ဒေသများ ဖြစ်သည်။ အထူးသဖြင့် ကုန်းမြေအလွန်မြင့်ပြီး မြေပြန့်နည်းသည့် ဒေသများတွင် လူနေထိုင်မှု အနည်းဆုံး ဖြစ်သည်။

လူဦးရေ သိပ်သည်းမှုမှာလည်း တစ်နေရာနှင့်တစ်နေရာ မတူညီကြပါ။ လူဦးရေသိပ်သည်းမှု အများဆုံးဒေသမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး လူဦးရေ သိပ်သည်းမှု အနည်းဆုံးဒေသမှာ ချင်းပြည်နယ်ဖြစ်သည်။ ချင်းပြည်နယ်၏ လူဦးရေသည် ကယားပြည်နယ်ထက်များသော်လည်း လူနေသိပ်သည်းမှုနည်းရခြင်းမှာ ကယားပြည်နယ်ထက် ကျယ်ဝန်းသောကြောင့် ဖြစ်သည်။


## လေ့ကျင့်ခန်း

လုပ်ငန်း (၁) အောက်ပါတို့ကို ယှဉ်တွဲပါ။

| | |
|---|---|
| မြန်မာနိုင်ငံ၏ တည်ရှိသောနေရာ • | ▲ ၆၇၆၅၇၇ စတုရန်းကီလိုမီတာ |
| မြန်မာနိုင်ငံ၏ ဧရိယာ • | ▲ ၂၀၅၂ ကီလိုမီတာ |
| မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက် အကျယ် • | ▲ အရှေ့တောင်အာရှ |
| မြန်မာနိုင်ငံ၏ တောင်နှင့်မြောက် အရှည် • | ▲ ထိုင်းနိုင်ငံ |
| မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ • | ▲ ၉၃၇ ကီလိုမီတာ |

လုပ်ငန်း (၂) ဖော်ပြပါနိုင်ငံများ၏ အမည်များကို မြေပုံတွင် ဖြည့်စွက်ပါ။

**အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**




DBE BOX

လုပ်ငန်း (၃) တောင်တန်း၊ မြစ်၊ အိုင်၊ ကျွန်း၊ ပင်လယ် တို့ကို မြေပုံပေါ်တွင် ဖော်ပြပါအမှတ်စဉ်အတိုင်း ဖြည့်စွက်ပါ။



(၁) တောင်တန်း
(၂) မြစ်
(၃) အိုင်
(၄) ကျွန်း
(၅) ပင်လယ်

လုပ်ငန်း (၄) မြေပုံပေါ်တွင် အမှတ်စဉ်ဖြင့် ဖော်ပြထားသော မြစ်၊ အိုင်၊ ကျွန်းနှင့် ကျွန်းစု တို့၏ အမည်များကို ဇယားတွင် ဖြည့်စွက်ပါ။





| အမှတ်စဉ် | အမည် |
|---|---|
| ၁ | |
| ၂ | |
| ၃ | |
| ၄ | |
| ၅ | |
| ၆ | |
| ၇ | |
| ၈ | |
| ၉ | |
| ၁၀ | |



DBE BOX

လုပ်ငန်း (၅) ဒေသတစ်ခု၏ လူဦးရေ နည်းခြင်း၊ များခြင်းသည် မည်သည့်အကြောင်းအရာများနှင့် ဆက်နွယ်မှုရှိသည်ဟု သင်ထင်သနည်း။ အဘယ်ကြောင့်နည်း။

လုပ်ငန်း (၆) မြေပုံ၏အညွှန်းပါ လူဦးရေသိပ်သည်းမှုအလိုက် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့ကို မြေပုံပေါ်တွင် အရောင်များဖြင့် ခွဲခြားဖော်ပြပြီး ဇယားတွင်ဖြည့်စွက်ပါ။





| လူဦးရေ သိပ်သည်းမှု (၁ စတုရန်း ကီလိုမီတာ) | ပြည်နယ်/ တိုင်း ဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ အမည် |
|---|---|
| ၂၀ အောက်နည်း | |
| ၂၀-၄၉ | |
| ၅၀-၉၉ | |
| ၁၀၀-၁၄၉ | |
| ၁၅၀-၁၉၉ | |
| ၁၉၉ ထက်များ | |

(က) အထက်ဖော်ပြပါ မြေပုံ သို့မဟုတ် ဇယားအရ လူဦးရေသိပ်သည်းမှု အနည်းဆုံး ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့အနက် ၂ ခုကို ဖော်ပြပါ။

(ခ) အထက်ဖော်ပြပါ မြေပုံ သို့မဟုတ် ဇယားအရ လူဦးရေသိပ်သည်းမှု အများဆုံး ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့အနက် ၂ ခုကို ဖော်ပြပါ။

DBE BOX

လုပ်ငန်း (၇)   မြန်မာနိုင်ငံ၏ မြို့တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ မြို့တော်နှင့် မြို့ကြီးများကို ဇယားတွင် ယှဉ်တွဲဖြည့်စွက်ပါ။




| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ | နိုင်ငံ၏ မြို့တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးမြို့တော် | မြို့ကြီးများ |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

DBE BOX

# အခန်း (၂) အရှေ့ဘက်ကုန်းမြင့်ဒေသ

## (၂-၁) အရှေ့ဘက်ကုန်းမြင့်ဒေသရဲ့ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နဲ့ ရာသီဥတု အခြေအနေတွေ ဘယ်လိုရှိသလဲ



မြန်မာနိုင်ငံရဲ့ သဘာဝအပိုင်းကြီး ၄ ပိုင်းကို သိခဲ့ပြီးပြီဆိုတော့ အဲဒီအပိုင်းတွေထဲက အရှေ့ဘက်ကုန်းမြင့်ဒေသရဲ့ ထူးခြားထင်ရှားတဲ့ မြေမျက်နှာသွင်ပြင်တွေကို လေ့လာကြည့်ကြရအောင်

မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အပိုင်းကြီး ၄ ပိုင်းအနက် အရှေ့ဘက်ကုန်းမြင့်ဒေသတွင် ကချင်ပြည်နယ် မြောက်ဘက်နှင့် အရှေ့ဘက်ရှိ တောင်တန်းများ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ပါဝင်သည်။


အရှေ့ဘက်ကုန်းမြင့်ဒေသတွင် **မြောက်ဘက်ဆုံးအပိုင်း**သည် အမြင့်ဆုံးအပိုင်းဖြစ်သည်။ ထိုဒေသရှိ ခါကာဘိုရာဇီတောင်နှင့် ဂမ်လန်ရာဇီတောင်တို့သည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်ပြီး ဆီးနှင်းရေခဲများ ဖုံးလွှမ်းလျက်ရှိသည်။ ရှန်ငေါ်တောင်တန်းနှင့် ပူတာအိုလွင်ပြင်တို့လည်း ရှိသည်။

အရှေ့ဘက်ကုန်းမြင့်ဒေသ၏ **အလယ်ပိုင်း**သည် မီတာ ၉၀၀ ကျော်မြင့်ပြီး အချို့နေရာများတွင် မီတာ ၂၅၀၀ ကျော်မြင့်သည်။ ထိုအပိုင်းရှိ ကုန်းမြင့်များသည် တရုတ်နိုင်ငံရှိ ယူနန်ကုန်းပြင်မြင့်၏ အဆက်ဖြစ်ပြီး ထိုဒေသကို ရှမ်းကုန်းပြင်မြင့်ဟုခေါ်သည်။ ထင်ရှားသော တောင်တန်းများမှာ အရှေ့အနောက် သွယ်တန်းနေသော လွိုင်လွန်တောင်တန်းနှင့် တနင်းတောင်တန်း၊ မြောက်မှတောင်သို့ သွယ်တန်းနေသော မဲနယ်တောင်တန်းတို့ဖြစ်သည်။ ထင်ရှားသော လွင်ပြင်များမှာ လားရှိုးလွင်ပြင်၊ ဟဲဟိုးလွင်ပြင်နှင့် ကျိုင်းတုံလွင်ပြင်တို့ဖြစ်သည်။ မြန်မာနိုင်ငံရှိ ထင်ရှားသော အင်းလေးအိုင်သည် ထိုဒေသတွင် တည်ရှိသည်။

အရှေ့ဘက်ကုန်းမြင့်ဒေသ၏ **တောင်ဘက်ပိုင်း**တွင် တောင်တန်းများသည် တောင်ဘက်သို့ သွယ်တန်းသွားသည်။ ဒေါနတောင်တန်း၊ မုတ္တမတောင်တန်း၊ တောင်ညိုတောင်တန်းနှင့် တနင်္သာရီတောင်တန်းဟူ၍ ဒေသအလိုက်ခေါ်ဆိုကြသည်။ ထင်ရှားသော ကမ်းရိုးတန်းလွင်ပြင်များမှာ မော်လမြိုင်လွင်ပြင်နှင့် ထားဝယ်လွင်ပြင်တို့ဖြစ်သည်။

ဤဒေသတွင် သံလွင်မြစ်သည် ရှမ်းကုန်းပြင်မြင့်ကို ဖြတ်သန်း၍ မြောက်မှတောင်သို့စီးဆင်းပြီး မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်သည်။ သံလွင်မြစ်အတွင်းသို့ စီးဝင်သော မြစ်လက်တက်များမှာ နမ့်တန်မြစ်၊ နမ့်ပွန်မြစ်၊ ယွန်းစလင်းမြစ်၊ ဒုံသမီမြစ်၊ သောင်ရင်းမြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ်တို့ဖြစ်သည်။ အင်းလေးအိုင်မှ မြစ်ဖျားခံ၍စီးဆင်းလာသော ဘီလူးချောင်းသည် နမ့်ပွန်မြစ်အတွင်းသို့ စီးဝင်သည်။အခြားထင်ရှားသော မြစ်များမှာ မေခမြစ်၊ နမ့်တူမြစ်၊ မြစ်ငယ်မြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ ရေးမြစ်၊ ထားဝယ်မြစ်နှင့် တနင်္သာရီမြစ်တို့ဖြစ်သည်။ အရှေ့ဘက်ကုန်းမြင့်ဒေသရှိ နယ်နိမိတ်မြစ်များမှာ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ မဲခေါင်မြစ်နှင့် ပါချန်မြစ်တို့ဖြစ်သည်။ သံလွင်မြစ်ဝ၌ ဘီလူးကျွန်းရှိသည်။ တောင်ဘက်ပိုင်းတွင် မြိတ်ကျွန်းစုရှိသည်။ တောင်ဘက်ဆုံးတွင် ကော့သောင်းအငူ (ဘုရင့်နောင်အငူ) ရှိသည်။

# အရှေ့ဘက်ကုန်းမြင့်ဒေသ




**မေးခွန်းများ**

(၁) အရှေ့ဘက်ကုန်းမြင့်ဒေသရှိ ထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်များ၏ အမည်များကို ဖော်ပြပါ။

| ထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်များ | အမည် |
|---|---|
| တောင်များနှင့် တောင်တန်းများ | |
| လွင်ပြင်များ | |
| မြစ်များ | |
| ကျွန်းများ | |
| အိုင် | |
| အငူ | |

(၂) အရှေ့ဘက်ကုန်းမြင့်ဒေသ၏ မြေပုံကိုကြည့်၍ ဤဒေသ၏ မြေမျက်နှာသွင်ပြင်များကို ရှင်းပြပါ။ (ဥပမာ-မြောက်မှတောင်သို့ သွယ်တန်းနေသော တောင်တန်းများ၊ စီးဆင်းနေသော မြစ်များ၊ ဤဒေသတွင်ရှိသော လွင်ပြင်များ စသည်ဖြင့်)


(၃) အရှေ့ဘက်ကုန်းမြင့်ဒေသ၏ မြေပုံကိုလေ့လာပြီး သံလွင်မြစ် ဖြတ်သန်းစီးဆင်းရာနေရာနှင့် စီးဝင်သည့်နေရာကိုဖော်ပြပါ။

DBE BOX



အရှေ့ဘက်ကုန်းမြင့်ဒေသရဲ့ မြေမျက်နှာသွင်ပြင်ကို လေ့လာပြီးဖြစ်လို့ ရာသီဥတုတွေနဲ့ဆက်စပ်ပြီး ဒေသရဲ့ စိုက်ပျိုးသီးနှံတွေအကြောင်း လေ့လာကြရအောင်

## အရှေ့ဘက်ကုန်းမြင့်ဒေသရှိ မြို့အချို့၏ အပူချိန်နှင့် မိုးရေချိန်အခြေအနေများ




အရှေ့ဘက်ကုန်းမြင့်ဒေသသည် ယေဘုယျအားဖြင့် အေးပြီး မိုးအသင့်အတင့် ရွာသွန်းသော်လည်း မြောက်ဘက်ပိုင်းရှိ ပူတာအိုမြို့သည် တောင်ကြီး၊ လားရှိုး စသည့်မြို့များကဲ့သို့ အေးပြီး ထိုမြို့များထက် မိုးပိုမိုရွာသွန်းသည်။ စုစုပေါင်းမိုးရေချိန် ၄၀၀၀ မီလီမီတာကျော် ရွာသွန်းသည်။ တောင်ဘက်ပိုင်း ကမ်းရိုးတန်းဒေသရှိ ထားဝယ်မြို့သည် ပင်လယ်နှင့်နီးပြီး မြေနိမ့်ဒေသဖြစ်သဖြင့် အရှေ့ဘက်ကုန်းမြင့်ရှိ အခြားမြို့များထက် အပူချိန်ပိုများကာ မိုးများစွာရွာသွန်းသည်။ စုစုပေါင်းမိုးရေချိန် ၅၀၀၀ မီလီမီတာကျော် ရွာသွန်းသည်။

အရှေ့ဘက်ကုန်းမြင့်ဒေသ၏ ရာသီဥတုအခြေအနေသည် သစ်တောများ ကောင်းစွာပေါက်ရောက်ရှင်သန်စေသည်။ ထို့ပြင် မြေဩဇာကောင်းမွန်သည့်ဒေသဖြစ်သဖြင့် နေထိုင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသည်။

စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုး၊ အာလူး၊ ငရုတ်၊ လက်ဖက်၊ ကြက်သွန်၊ ကော်ဖီ၊ ရော်ဘာ၊ ဟင်းသီးဟင်းရွက်နှင့် သီးပင်စားပင်များ စိုက်ပျိုးကြသည်။

လက်ဖက်ပင်ကို ရှမ်းကုန်းပြင်မြင့်တွင် အများဆုံးစိုက်ပျိုးသည်။ မြန်မာတစ်နိုင်ငံလုံး လက်ဖက်စိုက်ပျိုးမြေ၏ အများဆုံးကို ရှမ်းကုန်းပြင်မြင့်တွင် တွေ့ရသည်။ လက်ဖက်သည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လောင်းဒေသ၏ အဓိကထွက်ကုန်လည်း ဖြစ်သည်။

ပေးထားတဲ့ဇယားကိုကြည့်ပြီး ပုံမှာတစ်ဆင့်ချင်း ဖြည့်စွက်ကြည့်ကြရအောင်

(၁) ပေးထားတဲ့ အပူချိန်တွေကို အောက်ပါပုံမှာ လအလိုက် အမှတ်အသား ပြုလုပ်ပါ

(၂) ပေးထားတဲ့နမူနာအတိုင်း အမှတ်အသားတစ်ခုချင်းကို ဆက်ပါ


(၃) ပေးထားတဲ့ မိုးရေချိန်တွေကို အောက်ပါပုံမှာ လအလိုက် အမှတ်အသား ပြုလုပ်ပါ

(၄) ပေးထားတဲ့နမူနာအတိုင်း အမှတ်အသားတစ်ခုချင်းကို ဆက်ပါ

(၅) ပေးထားတဲ့ဇယားနဲ့ ဂရပ်ကိုကြည့်ပြီး ကျိုင်းတုံမြို့ရဲ့ ရာသီဥတု အခြေအနေကို ဖြည့်စွက်ပါ

**ကျိုင်းတုံ**

| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ပျမ်းမျှ/စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **အပူချိန်** (°C) | ၁၉ | ၂၀ | ၂၃ | ၂၆ | ၂၆ | ၂၆ | ၂၅ | ၂၅ | ၂၅ | ၂၄ | ၂၀ | ၁၈ | ၂၃ |
| **မိုးရေချိန်** (mm) | ၁၂ | ၉ | ၁၉ | ၅၄ | ၁၅၂ | ၁၅၃ | ၂၂၃ | ၂၂၀ | ၁၆၆ | ၁၁၆ | ၈၄ | ၁၉ | ၁၂၃၂ |





ကျိုင်းတုံမြို့၏ အပူဆုံးလများမှာ ----------၊ ---------- နှင့် ---------- ဖြစ်ပြီး အအေးဆုံးလမှာ ------------ ဖြစ်သည်။ တစ်နှစ်ပတ်လုံး မိုးရွာသွန်းပြီး ------------လသည် မိုးအများဆုံး ရွာသွန်းသောလဖြစ်သည်။ ပျမ်းမျှအပူချိန် ---------------- ရှိပြီး စုစုပေါင်း မိုးရေချိန် ------------------ ရွာသွန်းသည်။ ကျိုင်းတုံမြို့၏ရာသီဥတုသည် ------------------------------ ဖြစ်သည်။

**မေးခွန်း** အရှေ့ဘက်ကုန်းမြင့်ဒေသရှိ မြို့များ၏ ရာသီဥတုအခြေအနေများ မည်သို့ ကွာခြားသနည်း။ အဘယ်ကြောင့်နည်း။

# (၂-၂) အရှေ့ဘက်ကုန်းမြင့်ဒေသရဲ့ လူမှုဘဝအခြေအနေတွေက ဘယ်လိုလဲ




ပင်လောင်းမြို့နယ်



ပင်လောင်းမြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်းရှိပြီး ပင်လောင်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၁၄၆၃ မီတာတွင် တည်ရှိသည်။ မြင့်မားသောတောင်များဖြင့် ဝန်းရံလျက်ရှိသည်။

ပင်လောင်းမြို့နယ်သည် တောင်တန်းပေါများပြီး တောင်တန်းများမှာ မြောက်မှ တောင်သို့သွယ်တန်းလျက်ရှိသည်။ လွယ်မောင်းတောင်မှာ ထိုဒေသ၏ အမြင့်ဆုံးတောင်ဖြစ်သည်။ ဘီလူးချောင်းသည် ပင်လောင်းမြို့အနီးမှ ဖြတ်သန်းစီးဆင်းသည်။

ပင်လောင်းမြို့နယ်၏ တောင်ပေါ်ဒေသများသည် အေးမြစိုစွတ်သောရာသီဥတုရှိပြီး တောင်ခြေဒေသများတွင် အပူချိန်ပိုများသည်။ နှစ်စဉ်ပျမ်းမျှအပူချိန် ၁၈ ဒီဂရီဆဲလ်စီးယပ်ခန့်နှင့် စုစုပေါင်း မိုးရေချိန် ၂၂၀၀ မီလီမီတာကျော် ရရှိသည်။ ပင်လောင်းမြို့နယ်အတွင်းရှိ တောင်စောင်းများတွင် သီးနှံကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေဆီလွှာကောင်းများ ရှိသည်။

ပင်လောင်းမြို့နယ်ကို ပင်လောင်းမြို့၊ နောင်တရားမြို့၊ ပေါင်းလောင်းမြို့များ အပါအဝင် ကျေးရွာပေါင်း ၄၀၀ ကျော်တို့ဖြင့် ဖွဲ့စည်းထားသည်။ နေထိုင်သူဦးရေ ၁၈၀၀၀၀ ကျော်ရှိပြီး ပအိုဝ်းလူမျိုးနှင့် ရှမ်းလူမျိုး အများဆုံးနေထိုင်သည်။ အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

ပင်လောင်းမြို့နယ်တွင် လက်ဖက်အပါအဝင် သီးပင်စားပင်အမျိုးမျိုးကို စိုက်ပျိုးကြသည်။ လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းများရှိပြီး ပင်လောင်းလက်ဖက်သည် လူသိများထင်ရှားသည်။





ပင်လောင်းဒေသရဲ့ လက်ဖက်လုပ်ငန်းကို လေ့လာကြရအောင်




လက်ဖက်ပင်သည် ကုန်းမြေမြင့်ပြီး ရေမဝပ်သည့် တောင်စောင်းနေရာများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

ပင်လောင်းဒေသရှိ လက်ဖက်စိုက်တောင်သူများသည် ဒေသမျိုးရင်း လက်ဖက်များကို အဓိကစိုက်ပျိုးကြသည်။ ထွက်ရှိလာသော လက်ဖက်ညွန့်များကို လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် အချိုခြောက် ထုတ်လုပ်ရာတွင် အသုံးပြုသည်။



လက်ဖက်ပင်ကိုစိုက်ပျိုးရာတွင် အစေ့မှပျိုးထောင်ခြင်းနှင့် အကိုင်းမှပျိုးထောင်ခြင်းဟူ၍ ၂ မျိုးရှိသည်။ အစေ့မှပျိုးထောင်ခြင်းတွင် ၅ နှစ်သက်တမ်းရှိမှသာ စတင်ခူးဆွတ်နိုင်ပြီး အရည်အသွေးကောင်းမွန်သော လက်ဖက်ရွက်များကို ရရှိသည်။ အကိုင်းမှ ပျိုးထောင်ခြင်းသည် ၃ နှစ်သက်တမ်းတွင် စတင်ခူးဆွတ်နိုင်ပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည်။



လက်ဖက်ပင်စိုက်ပျိုးရန် တောင်သူများသည် စိုက်ပျိုးမည့်မြေကို ဦးစွာရှင်းလင်းရသည်။ ထို့နောက် ၅၀ စင်တီမီတာ အနက်ရှိသောတွင်းများကိုတူး၍ စိုက်ပျိုးသည်။ ခူးဆွတ်မှုလွယ်ကူစေရန် တစ်ပင်နှင့်တစ်ပင် ၅၀ စင်တီမီတာစီခြားပြီး တစ်တန်းနှင့် တစ်တန်း ၁ မီတာစီခြားကာ စိုက်ပျိုးရသည်။ လက်ဖက်ပင်ကို ပျိုးထောင်ပြီး ၆ လကြာလျှင် ကျင်းထဲသို့ ရွှေ့ပြောင်းစိုက်ရသည်။ လက်ဖက်ပင်သည် နှစ်ရှည်ခံပင် အမျိုးအစားဖြစ်သည်။

မြေဆီလွှာကို ရေတိုက်စားခြင်းမှ ကာကွယ်ရန်နှင့် မြေအစိုဓာတ်ထိန်းသိမ်းနိုင်ရန် တောင်စောင်းများတွင် လှေကားထစ်များပြုလုပ်၍လည်း စိုက်ပျိုးသည်။



လက်ဖက်စိုက်ပျိုးရာတွင် အရိပ်ရပင်နှင့် ရောနှောစိုက်ပျိုးခြင်းသည် အရေးပါသည်။ လက်ဖက်ပင်များကြားတွင် အပင်ကြီးများကို ခပ်ကျဲကျဲစိုက်ပျိုးပေးခြင်းဖြင့် လက်ဖက်ပင်များ၏ အစိုဓာတ်ကိုထိန်းထားနိုင်သည့်အပြင် မြေဆီခန်းခြောက်မှုနှင့် ပြုန်းတီးမှုကိုလည်း အကာအကွယ်ပေးသည်။ ထို့ပြင် သဘာဝတောအုပ်နှင့်တူသော ရေမြေသဘာဝကို ရရှိစေနိုင်ပြီး လက်ဖက်အရည်အသွေးကို ကောင်းမွန်စေပါသည်။



လက်ဖက်ပင်အမြင့် ၅၀ စင်တီမီတာခန့် ရောက်သည့်အခါ စတင်ခူးဆွတ်နိုင်သည်။ အရည်အသွေး ကောင်းမွန်သော လက်ဖက် ရရှိစေရန် ၂ ရွက်၊ ၁ ညွန့် ခူးဆွတ်မှုသည် အရေးပါသည်။ ထို့ကြောင့် လက်ဖက်ခူးသူများသည် ထိုနည်းအတိုင်းခူးကြရသည်။



လက်ဖက်အညွန့်ကောင်းများ ရရှိစေရန်၊ အထွက်နှုန်းကောင်းစေရန်နှင့် လက်ဖက်ပင်မြင့်လွန်းလျှင် လက်ဖက်ခူးသူများအတွက် အရွက်ခူးရာ၌ အခက်အခဲမရှိစေရန် လက်ဖက်ပင်မှ ကိုင်းများကို ဖြတ်ပေးရသည်။ ကိုင်းဖြတ်ခြင်းကို မပြုလုပ်ပါက အထွက်နှုန်းကျဆင်းသည်။

သို့သော် လက်ဖက်ပင်မှ အကိုင်းများကို ကိုင်းဖြတ်ရာတွင် နွေရာသီနှင့် မြေကြီး အစိုဓာတ်နည်းချိန်တွင် မလုပ်ဆောင်သင့်ပါ။ ကိုင်းဖြတ်ချိန် မမှန်ကန်ပါက လက်ဖက်အထွက်နှုန်းကျပြီး အပင်ပျက်စီးနိုင်သဖြင့် ဂရုတစိုက်လုပ်ကိုင်ကြရသည်။

ပင်လောင်းဒေသတွင် လက်ဖက်ခြောက်နှင့် လက်ဖက်စိုများကို ထုတ်လုပ်ကြသည်။ လက်ဖက်ခြောက်တွင် အခါးခြောက်နှင့် အချိုခြောက်ဟူ၍ရှိသည်။ အခါးခြောက်ကို နေလှန်း၍သော်လည်းကောင်း၊ စက်ဖြင့်အခြောက်ခံ၍သော်လည်းကောင်း ထုတ်လုပ်သည်။

ပင်လောင်းဒေသ၌ လက်ဖက်လုပ်ငန်း လုပ်ကိုင်ရာတွင် အများစုမှာ မိရိုးဖလာနည်းကို အသုံးပြု၍လုပ်ကိုင်ကြသည်။ မိရိုးဖလာနည်းဆိုသည်မှာ စိုက်ခင်းအတွင်းမှ ခူးဆွတ်ရရှိလာသော လက်ဖက်များကို ၅ မိနစ်ခန့် အပူပေးခြင်း၊ အပူပေးထားသော လက်ဖက်များကို ဖျာကြမ်းပေါ်တင်၍လိှမ့်ပေးခြင်းနှင့် လိှမ့်ထားသောလက်ဖက်များကို နေလှန်း၍ အခြောက်ခံခြင်းဖြစ်သည်။ ဤနည်းဖြင့် **လက်ဖက်ခြောက် (နေလှန်းခြောက်)** ရရှိသည်။






နေလှန်းခြောက်


စက်ခြောက်


လက်ဖက်စို


အချိုခြောက်

ယခုအခါ ခူးဆွတ်ရရှိလာသော လက်ဖက်များကို စက်ဖြင့်အပူပေး၍ ပေါင်းခြင်း၊ ပေါင်းထားသောလက်ဖက်များကို လိှမ့်စက်ဖြင့် လိှမ့်ခြင်း၊ အခြောက်ခံစက်ကိုအသုံးပြု၍ အခြောက်ခံခြင်းဖြင့် **လက်ဖက်ခြောက် (စက်ခြောက်)**ကို ရရှိသည်။

**လက်ဖက်စို** ရရှိရန် ပေါင်းပြီးလိှမ့်ထားသော လက်ဖက်များကို တောင်းများ၊ မြေအိုးများ၊ ဝါးဆစ်ဘူးများနှင့် အိတ်များတွင် ဖိသိပ်ပြီး ၂ လခန့်ထားရသည်။

**အချိုခြောက်**ပြုလုပ်ရာတွင် လက်ဖက်ရွက်များကို အလုံပိတ်ထားသော အခန်းအတွင်း၌ ဖြန့်ခင်းထားပြီး ညှိုးသွားအောင် ပြုလုပ်ရသည်။ ထို့နောက် စက်ဖြင့်ခြေ၍ အေးပြီးစိုစွတ်သော နေရာတွင် ၃၊ ၄ နာရီခန့်ကြာအောင် ထားပေးရသည်။ ပြီးလျှင် စက်ဖြင့် အပူချိန်ကိုထိန်းညှိကာ အခြောက်ခံပေးခြင်းဖြင့် အရောင်နှင့် အနံ့အရသာကောင်းမွန်သည့် အချိုခြောက်ကောင်းများ ရရှိနိုင်ပါသည်။

**မေးခွန်းများ**

(၁) ပင်လောင်းဒေသတွင် လက်ဖက်စိုက်ပျိုးခြင်းကို အဘယ်ကြောင့်လုပ်ကိုင်ကြသနည်း။

(၂) လက်ဖက်နှင့် ပြုလုပ်ထားသော သင်စားဖူးသည့် အစားအသောက်များကို ဖော်ပြပါ။



လက်ဖက်လုပ်ငန်းလုပ်ကိုင်သူပြောပြတဲ့ လက်ဖက်လုပ်ငန်းအကြောင်း နားထောင်ကြည့်ကြရအောင်



ပင်လောင်းဒေသမှာ လက်ဖက်လုပ်ငန်း လုပ်ကိုင်သူအများစုက မိရိုးဖလာနည်းကိုသုံးပြီး မိသားစုလုပ်ငန်းအနေနဲ့ လုပ်ကိုင်ကြတယ်။ လက်ဖက်ခူးတာကို ဖေဖော်ဝါရီလကုန်ကစပြီး နိုဝင်ဘာလဆန်းအထိ ခူးကြတယ်။ လက်ဖက်ညွန့်တွေ အထွက်များတဲ့ အချိန်မှာတော့ လက်ဖက်ခူးလုပ်သားငှားရမ်းဖို့ အခက်တွေ့ရတယ်။ အဲဒီအခါ အချင်းချင်းဝိုင်းကူပြီး ခူးပေးကြရတယ်။ တချို့လက်ဖက်စိုက်တောင်သူတွေက ခူးပြီးလက်ဖက်ညွန့်တွေကို လက်ဖက်ကုန်သည်တွေဆီ ရောင်းလိုက်ကြတယ်။ ကုန်သည်တွေက အလုပ်သမားတွေငှားပြီး လက်ဖက်ခြောက်၊ လက်ဖက်စိုတွေလုပ်ကြသလို တောင်သူတွေကိုယ်တိုင်လုပ်ထားတဲ့ လက်ဖက်ခြောက်၊ လက်ဖက်စိုတွေကိုလဲဝယ်ကြတယ်။ အဲဒါတွေအားလုံးကို အိတ်ကြီးတွေနဲ့ထည့်ပြီး မြို့ကြီးတွေမှာရှိတဲ့ လက်ဖက်ပွဲရုံတွေဆီကို ရောင်းကြတယ်။ ပွဲရုံရောက်မှ လက်ဖက်အမျိုးအစား(အနု၊ အကြမ်း) ခွဲခြားပြီး မြန်မာနိုင်ငံအနှံ့ကို တင်ပို့ရောင်းချတယ်။

လက်ဖက်လုပ်ငန်းဟာ တစ်နှစ်လုံးနီးပါး ဝင်ငွေရတဲ့လုပ်ငန်းလဲဖြစ်တယ်။ လက်ဖက်လုပ်ငန်းလုပ်ကိုင်တဲ့အခါ မြေပြုပြင်ခြင်း၊ အပင်ကိုင်းဖြတ်ခြင်း၊ လက်ဖက်ခူးခြင်း၊ လက်ဖက်စို၊ လက်ဖက်ခြောက်ပြုလုပ်ခြင်း၊ ထုပ်ပိုးပြင်ဆင်ဖြန့်ဖြူးခြင်း စတဲ့ လုပ်ငန်းစဉ်တွေရှိတယ်။ ဒီလုပ်ငန်းစဉ်တွေပေါ်မူတည်ပြီး လုပ်သားအများအပြားလိုအပ်တယ်။ ဒါကြောင့် ဒေသကလုပ်သားတွေကို ငှားရမ်းလုပ်ကိုင်ကြတဲ့အတွက် ဒေသခံတွေအတွက် အလုပ်အကိုင်တွေရရှိစေတယ်။ လက်ဖက်စိုက်ပျိုးတာဟာ ဒေသမှာနေထိုင်သူတွေအတွက် မိသားစုဝင်ငွေ ရရှိစေတဲ့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါတဲ့ လုပ်ငန်းလဲဖြစ်တယ်။

အခုအခါ လက်ဖက်ကို မိရိုးဖလာစိုက်ပျိုးနည်းသာမက ခေတ်မီနည်းစနစ်တွေသုံးပြီးစိုက်ပျိုးဖို့ ကြိုးစားလာကြတယ်။ အဲဒီလို ခေတ်မီနည်းစနစ်တွေသုံးပြီး စနစ်တကျစိုက်ပျိုးရင် လက်ဖက်အထွက်နှုန်းတိုးလာပြီး ပိုမိုကောင်းမွန်တဲ့ အရည်အသွေးမြင့်လက်ဖက်ကောင်းတွေ ရရှိမှာဖြစ်တယ်။ ဒါကြောင့် ပင်လောင်းဒေသက တောင်သူတွေကို နည်းပညာပေးတာတွေ၊ ခေတ်မီနည်းစနစ်တွေအသုံးပြုနိုင်မဲ့ အခွင့်အလမ်းတွေ ဖန်တီးပေးမယ်ဆိုရင် မြန်မာ့လက်ဖက်ကို ကမ္ဘာ့ဈေးကွက်အထိ တင်ပို့လာနိုင်မယ်။

## လေ့ကျင့်ခန်း

လုပ်ငန်း (၁) လက်ဖက်ခြောက် အမျိုးအစားအလိုက် လုပ်ကိုင်ရပုံကို ဆွေးနွေးတင်ပြပါ။

လုပ်ငန်း (၂) လက်ဖက်ကောင်းရရှိရန်နှင့် လက်ဖက်လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် မည်သို့လုပ်ဆောင်ကြရမည်ကို ဆွေးနွေးတင်ပြပါ။

# အခန်း (၃) အနောက်ဘက်တောင်တန်းဒေသ

## (၃–၁) အနောက်ဘက်တောင်တန်းဒေသရဲ့ တည်နေရာ၊ မြေမျက်နှာသွင်ပြင်နဲ့ ရာသီဥတု အခြေအနေတွေဘယ်လိုရှိသလဲ



မြန်မာနိုင်ငံရဲ့ အရှေ့ဘက်ကုန်းမြင့်ဒေသအကြောင်းကို လေ့လာခဲ့ပြီးပြီဆိုတော့ အခု အနောက်ဘက်တောင်တန်းဒေသရဲ့ ထူးခြားထင်ရှားတဲ့ မြေမျက်နှာသွင်ပြင်တွေကို လေ့လာကြရအောင်

အနောက်ဘက်တောင်တန်းဒေသသည် မြန်မာနိုင်ငံ၏ အနောက်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ ထိုဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ရိုးမနှင့် တောင်ဘက်ပိုင်းရှိ မော်တင်စွန်းအထိပါဝင်သည်။ ဤဒေသ၏ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ရခိုင်ကမ်းမြောင်ဒေသ၊ အနောက်တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။

အနောက်ဘက်တောင်တန်းဒေသတွင် မီတာ ၃၀၀၀ ကျော်မြင့်သော တောင်တန်းများရှိပြီး အရှေ့ဘက်ကုန်းမြင့်ဒေသထက် ပို၍မြင့်မားသည်။ ဟိမဝန္တာတောင်တန်း၏ အဆက်ဖြစ်ပြီး တောင်ဘက်သို့ ကွေးဆင်းလာသည်။

ပတ်ကွိုင်တောင်တန်း၊ နာဂတောင်တန်း၊ ချင်းတောင်တန်းနှင့် ရခိုင်ရိုးမတောင်တန်းတို့တည်ရှိသည်။ နာဂတောင်တန်းတွင် အမြင့်ဆုံးတောင်မှာ စာရာမေတိတောင်ဖြစ်သည်။ ချင်းတောင်တန်းတွင် အမြင့်ဆုံးတောင်မှာ ဝိတိုရိယတောင်ဖြစ်ပြီး ရခိုင်ရိုးမတောင်တန်းတွင် အမြင့်ဆုံးတောင်မှာ စွန်တောင်ဖြစ်သည်။

ဤဒေသတွင် ထင်ရှားသောလွင်ပြင်များမှာ ကဘော်ချိုင့်ဝှမ်းလွင်ပြင်နှင့် ကလေးလွင်ပြင် တို့ ဖြစ်ကြသည်။

တွေ့ရှိရသောမြစ်များမှာ ယူးမြစ်၊ မဏိပူရမြစ်နှင့် မြစ်သာမြစ်တို့ ဖြစ်သည်။


တောင်တန်းများသည် မြောက်မှတောင်သို့ နိမ့်ဆင်းလာပြီး ပင်လယ်အတွင်း၌ ကျွန်းများအဖြစ် ပေါ်လာသည်။ ထိုကျွန်းများမှာ သမီးလှကျွန်းနှင့် ကိုကိုးကျွန်းတို့ ဖြစ်သည်။

ချင်းတောင်တန်း



မဏိပူရမြစ်







**မေးခွန်း** အနောက်ဘက်တောင်တန်းဒေသရှိ ထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်များ၏အမည်များကို ဖော်ပြပါ။

| ထူးခြားထင်ရှားသည့် မြေမျက်နှာသွင်ပြင်များ | အမည် |
|---|---|
| တောင်များ | |
| တောင်တန်းများ | |
| လွင်ပြင်များ | |
| မြစ်များ | |
| ကျွန်းများ | |


အနောက်ဘက်တောင်တန်းဒေသရဲ့ မြေမျက်နှာသွင်ပြင်နဲ့ ဆက်စပ်နေတဲ့ ရာသီဥတုအခြေအနေတွေကို လေ့လာကြည့်ကြရအောင်

## အနောက်ဘက်တောင်တန်းဒေသရှိ မြို့အချို့၏ အပူချိန်နှင့် မိုးရေချိန်အခြေအနေများ

### ဖလမ်း





### ဟားခါး




### မင်းတပ်




### ဋ




**မေးခွန်း** အနောက်ဘက်တောင်တန်းဒေသရှိ မြို့များ၏ ရာသီဥတုအခြေအနေများမည်သို့ကွာခြားသနည်း။ အဘယ်ကြောင့်နည်း။

အနောက်ဘက်တောင်တန်းဒေသရှိ ချင်းပြည်နယ်မြောက်ပိုင်းတွင် တည်ရှိသော ဖလမ်းမြို့နှင့် ဟားခါးမြို့တို့သည် မြင့်မားသော တောင်တန်းဒေသဖြစ်သဖြင့် ပိုအေးပြီး မိုးပိုများသည်။

ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့သည် မြောက်ပိုင်းရှိ ဖလမ်းမြို့နှင့် ဟားခါးမြို့တို့ထက် အအေးလျော့နည်းပြီး မိုးရွာသွန်းမှုလည်း လျော့နည်းသည်။

ကမ်းရိုးတန်းဒေသရှိ ဂွမြို့သည်ပင်လယ်နှင့်နီးပြီး မြေနိမ့်ဒေသဖြစ်သဖြင့် အနောက်ဘက်တောင်တန်းဒေသရှိ အခြားမြို့များထက် အပူချိန်ပိုများပြီး မိုးများသည်။

ဤဒေသတွင် မြင့်မားသော တောင်တန်းများရှိခြင်း၊ မိုးများစွာရွာသွန်းခြင်းတို့ကြောင့် သစ်တောမျိုးစုံ ပေါက်ရောက်ရှင်သန်ကြသည်။



အနောက်ဘက်တောင်တန်းဒေသရဲ့ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုတွေနဲ့ ဆက်စပ်ပြီး ဒေသရဲ့စိုက်ပျိုးသီးနှံတွေကို လေ့လာကြည့်ကြရအောင်

**အနောက်ဘက်တောင်တန်းဒေသ၏ စိုက်ပျိုးသီးနှံများပြပုံ**




DBE BOX

ဒေသတွင်း နေထိုင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ မြင့်မားမတ်စောက်သော တောင်စောင်းများတွင် တောင်ယာစပါး၊ ပြောင်း၊ အာလူး၊ လက်ဖက်၊ ကော်ဖီ၊ ငရုတ်၊ နှမ်း စသည့် စိုက်ပျိုးသီးနှံပင်တို့ကို စိုက်ပျိုးကြသည်။ ထို့ပြင် စားသုံးရန်အတွက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကိုလည်း စိုက်ပျိုးကြသည်။ ဤဒေသတွင် လက်ဖက်စိုက်ပျိုးမှုရှိသော်လည်း အရှေ့ဘက်ကုန်းမြင့်ဒေသကဲ့သို့ အများအပြား စိုက်ပျိုးမှုမရှိချေ။ ထိုသို့ ဖြစ်ရခြင်းမှာ မတ်စောက်သော တောင်စောင်းများဖြစ်ခြင်း၊ မိုးများခြင်းကြောင့် တိုက်စားမှု ပြင်းထန်ပြီး မြေဆီလွှာ ပြုန်းတီးခြင်းတို့ကြောင့် ဖြစ်သည်။ ဤဒေသ၏ အဓိကစားသုံးသီးနှံမှာ တောင်ယာစပါးနှင့် အစေ့ထုတ်ပြောင်းတို့ ဖြစ်သည်။ အစေ့ထုတ်ပြောင်းကို မိသားစုစားသုံးရန်နှင့် တိရစ္ဆာန်များအား ကျွေးမွေးရန် အခြားသီးနှံများထက် ပို၍စိုက်ပျိုးကြသည်။

**မေးခွန်းများ**

(၁) အနောက်ဘက်တောင်တန်းဒေသတွင် အဘယ်ကြောင့် သစ်တောမျိုးစုံပေါက်သနည်း။

(၂) အနောက်ဘက်တောင်တန်းဒေသတွင် မည်သည့်သီးနှံပင်များကို စိုက်ပျိုးကြသနည်း။

(၃) စိုက်ပျိုးသီးနှံပင်များကို တောင်စောင်းများတွင် စိုက်ပျိုးရခြင်းမှာ အဘယ်ကြောင့်နည်း။

(၄) အနောက်ဘက်တောင်တန်းဒေသတွင် အစေ့ထုတ်ပြောင်းကို အဘယ်ကြောင့် အဓိကထား စိုက်ပျိုးကြသနည်း။

(၅) အနောက်ဘက်တောင်တန်းဒေသသည် တောင်တန်းဒေသဖြစ်သော်လည်း အရှေ့ဘက်ကုန်းမြင့်ဒေသကဲ့သို့ အဘယ်ကြောင့် လက်ဖက်ကို အများအပြား မစိုက်ပျိုးသနည်း။




DBE BOX

# (၃-၂) အနောက်ဘက်တောင်တန်းဒေသရဲ့ လူမှုဘဝ အခြေအနေတွေက ဘယ်လိုလဲ



အနောက်ဘက်တောင်တန်းဒေသရဲ့ မြို့နယ်တစ်ခုဖြစ်တဲ့ ချင်းပြည်နယ်က ဟားခါးမြို့နယ်အကြောင်းကို လေ့လာကြရအောင်


**ဟားခါးမြို့နယ်**






ဟားခါးမြို့နယ်သည် ချင်းပြည်နယ်မြောက်ပိုင်းတွင်တည်ရှိသည်။ အရှေ့မှအနောက်သို့ ၅၈ ကီလိုမီတာ ကျယ်ဝန်း၍ တောင်မှမြောက်သို့ ၇၂ ကီလိုမီတာရှည်လျားသည်။ ဧရိယာ ၃၀၀၆၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ ဟားခါးမြို့နယ်သည် ဟားခါးမြို့နှင့် ကျေးရွာပေါင်း ၆၉ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၇ ခုနှစ်တွင် နေထိုင်သူဦးရေ ၄၀၀၀၀ ကျော်ရှိပြီး ချင်းလူမျိုးများ အများဆုံး နေထိုင်ကြသည်။ ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ကြသည်။

ဟားခါးမြို့နယ်သည် တောင်တန်းဒေသဖြစ်ပြီး ၉၀၀ မီတာမှ ၂၄၀၀ မီတာကျော်မြင့်သောဒေသဖြစ်သည်။ အမြင့်ဆုံးတောင်မှာ ဘွေပါးတောင်ဖြစ်ပြီး အခြားထင်ရှားသော တောင်များမှာ ဇိန်မူတောင်၊ ပေါ်ပီးတောင်နှင့် ရုန်းတောင်တို့ဖြစ်ကြသည်။





ဟားခါးမြို့နယ်၏ ထင်ရှားသောမြစ်မှာ သီမြစ် ခေါ် ဘွေနူးမြစ်ဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းသည်။

ထင်ရှားသော တောင်ကျချောင်းများမှာ ဒေါင်ဗားချောင်း၊ ဇဟောချောင်း၊ နွယ်ချောင်း၊ ဒေါင်ချောင်းများ ဖြစ်ကြသည်။ တောင်ကျချောင်းများ၊ သဘာဝစိမ့်စမ်းရေထွက်နေရာများမှ ရေသွယ်၍ သောက်သုံးရေအဖြစ် သုံးစွဲလျက်ရှိသည်။



ဟားခါးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၈၆၅ မီတာ အမြင့်တွင်တည်ရှိသည်။ အေးပြီးမိုးများသော ရာသီဥတုရှိသည်။ ချင်းလူမျိုးတို့သည် နေထိုင်ရာ အိမ်အနီးဝန်းကျင်နှင့် ရှေ့မျက်နှာစာတို့တွင် ပန်းအလှပင်များနှင့် ဟင်းသီးဟင်းရွက်ပင်များကို စိုက်ပျိုးထားကြသည်။



တောင်ယာစပါး၊ ပြောင်း၊ ပန်းသီး၊ စတော်ဘယ်ရီသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ လက်ဖက်နှင့် ကော်ဖီ စသည်တို့ကို စိုက်ပျိုးကြသည်။ ထို့အပြင် အထည်ရက်လုပ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။

တောင်ယာစပါးကို အဓိကစားသုံးသီးနှံအဖြစ် စိုက်ပျိုးကြသော်လည်း ဝမ်းစာအတွက် လုံလောက်မှုမရှိသောကြောင့် ပြောင်းကိုစိုက်ပျိုးကြရသည်။ ဒေသတွင်းတွင် အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။ ဟားခါးဒေသတွင် ပြောင်းကိုသဲဆန်ပြီး ရေစီးရေလာကောင်းသောမြေများတွင် စိုက်ပျိုးကြသည်။







ဒီဒေသကတောင်သူတွေ အစေ့ထုတ်ပြောင်းကို ဘယ်လို စိုက်ပျိုးလုပ်ကိုင်ကြသလဲ။ လေ့လာကြရအောင်

## မြေပြုပြင်ခြင်း



ဟားခါးမြို့နယ်နှင့်ပတ်ဝန်းကျင်ဒေသများသည် ယခင်ကရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြ၍ ယခုအခါ အမြဲတမ်းတောင်ယာစနစ်သို့ ကူးပြောင်းစိုက်ပျိုးလျက်ရှိကြသည်။ အစေ့ထုတ်ပြောင်းစိုက်ရန်အတွက် မိုးရာသီအကုန် ဆောင်းရာသီ ဒီဇင်ဘာလတွင် တောခုတ်၊ နေလှန်းပြီး နွေရာသီတွင် မီးရှို့ကြရသည်။ ထွက်ရှိသောပြာများသည် သီးနှံအတွက် အသုံးဝင်သော မြေသြဇာများဖြစ်သည်။ အပင်စိုက်ပျိုးရန် တစ်ကျင်းကို ၁၅ စင်တီမီတာ ပတ်လည်တူးရသည်။ တစ်ကျင်းနှင့် တစ်ကျင်း ၁ မီတာခွာထားရသည်။

## စိုက်ပျိုးခြင်း



မတ်လကုန်တွင် ပြောင်းကို တူးထားသော ကျင်းများ၌ စိုက်ပျိုးကြသည်။ စိုက်ပျိုးရန် မျိုးစေ့ချရာတွင် တစ်ကျင်းလျှင် မျိုးစေ့ ၂ စေ့ သို့မဟုတ် ၃ စေ့ကို ထည့်၍ စိုက်ပျိုးရသည်။

## အပင်ပြုစုခြင်း



စိုက်ပျိုးပြီး အပင်သက်တမ်း ၁ လခွဲ အကြာမေလလယ်တွင် ပြောင်းပင်ငယ်များအကြား ပေါင်းထိုးခြင်း၊ မြေဆွခြင်း၊ အပင်မသန်သော ပြောင်းပင်ငယ်များကို ဖယ်ရှားပေးခြင်းနှင့် အရွက်ခြောက်များဖယ်ရှားပေးခြင်းတို့ကို ပြုလုပ်ပေးရသည်။

စိုက်ပျိုးထားသော အပင်များကို သားခွဲပေးရသည်။ အချိန်မီ သားမခွဲပါက အထွက်နှုန်းကျဆင်းတတ်သည်။

မိုးရာသီ ဇွန်လကုန်တွင် အဖူးအငုံစထွက်သည်။ အချို့တောင်သူများက ဓာတ်မြေသြဇာ ကျွေးကြသည်။ ပိုးမွှားအန္တရာယ်မကျရောက်စေရန်လည်း လုပ်ဆောင်ပေးရသည်။

### ချိုးယူဆွတ်ခူးခြင်း



မိုးနှောင်းပိုင်း စက်တင်ဘာလခန့်တွင် ပြောင်းဖူးဖက်အခွံများ အဝါရောင်သန်းလာသည်။ အဖူးအညှာတွင် အညိုရောင်ကွင်းများ ပေါ်လာပြီး ခြောက်သွေ့လာပါက အပင်မှ ချိုးယူဆွတ်ခူးရသည်။

### သိုလှောင်ခြင်း





ပြောင်းဖူးများကို ဖက်ခွံနှင့်တွဲ၍ အခြောက်ခံထားရသည်။ အဖူးများကို သန့်ပြီး အကောင်းဆုံးအဖူးကို မျိုးအဖြစ်သိမ်းသည်။ ကျန်သော ပြောင်းဖူးများကို အစေ့ခြွေ၍ လှော်ပြီး သုံးရက်မှ လေးရက်အထိ နေလှန်းရသည်။ ပြီးမှ အိတ်၊ တောင်း၊ ပုတ် စသည်တို့၌ထည့်၍ သိမ်းဆည်းရသည်။

### စားသုံးခြင်း



ပြောင်းစေ့များကို မောင်းဆုံဖြင့် ထောင်းပြီး ဟင်းသီးဟင်းရွက်နှင့်ရော၍ လည်းကောင်း၊ အသားများနှင့်ရော၍လည်းကောင်း အမျိုးမျိုးပြုလုပ်၍စားသုံးကြသည်။



အစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်းအကြောင်း ပြောကြားချက်များကို လေ့လာကြမယ်



ကျွန်တော်ကတော့ အစေ့ထုတ်ပြောင်းစိုက်ပျိုးတဲ့ တောင်သူတစ်ဦး ဖြစ်ပါတယ်။ ဟားခါးဒေသမှာ မိုးရာသီမရောက်မီ အချိန်ကတည်းက တောင်စောင်းတွေမှာ စိုက်ပျိုးဖို့နေရာ ရွေးရတယ်။ တစ်ခါစိုက်ပျိုးပြီးရင် မြေဆီကုန်သွားတဲ့အတွက် ပြောင်းဖူးအထွက်နည်းလို့ နေရာရွှေ့ပြောင်းပြီး စိုက်ပျိုးကြတယ်။

ပြောင်းစိုက်ပျိုးတဲ့အခါ ဒေသထွက်မျိုးစေ့နဲ့ စိုက်ပျိုးရေးဌာနကထုတ်တဲ့မျိုးစေ့တွေကို အသုံးပြုတယ်။ ဒေသထွက်မျိုးစေ့က အဖြူမျိုးနဲ့ အဝါမျိုး နှစ်မျိုးရှိတယ်။ အဖြူမျိုးက အစေ့ကြီးတဲ့မျိုးနဲ့ အစေ့သေးတဲ့မျိုး နှစ်မျိုးရှိတယ်။ အဝါမျိုးက အစေ့သေးတယ်။ ကျွန်တော်တို့ ရွာမှာတော့အဖြူမျိုးကို စိုက်ကြတယ်။

ပြောင်းစိုက်တဲ့အခါမှာတော့ မြေဩဇာကို ဝယ်သုံးနိုင်တဲ့လူက ဝယ်သုံးကြတယ်။ တချို့ကတော့ သဘာဝမြေဩဇာအဖြစ် ပြောင်းမစိုက်ပျိုးခင် သစ်ပင်တွေကိုခုတ်ပြီး မီးရှို့တဲ့အခါ ရလာတဲ့ပြာတွေကိုသုံးတယ်။ အပင်တွေကို ငှက်၊ ရှဉ့်၊ ကြွက်စတဲ့ တိရစ္ဆာန်တွေက ဖျက်ဆီးတတ်တယ်။ အဲဒီအခါ ထောင်ချောက်ဆင်ပြီး ကာကွယ်ရတယ်။ စာခြောက်ရုပ်တွေလုပ်ပြီး ခြောက်လှန့်ရတယ်။ ပိုးကျရောက်ရင်လည်း စုပေါင်းကောက်ယူကြရတယ်။

ဒီဒေသမှာ မိသားစုလုပ်ငန်းအနေနဲ့ ပြောင်းတွေကိုစိုက်ပျိုးကြတယ်။ မိသားစုနည်းရင် ပြောင်းစိုက်တဲ့အခါမှာ အခက်အခဲတွေရှိတယ်။ အခက်အခဲဆုံးက မိုးများတဲ့အချိန်ပေါင်းပင်တွေထူလာရင် နိုင်အောင်မရှင်းနိုင်ကြဘူး။ အဲဒီလိုမရှင်းနိုင်ရင် ပြောင်းပင်တွေရရှိရမဲ့ အာဟာရတွေကို ပေါင်းပင်တွေက စုပ်ယူသွားတယ်။ ဒါကြောင့် ပေါင်းပင်တွေကို အချိန်မီရှင်းပေးဖို့ အရေးကြီးတယ်။ ဝေးလံတဲ့ နေရာမှာ စိုက်ပျိုးတဲ့ ပြောင်းတွေဟာ သယ်ယူဖို့ခက်ခဲတယ်။ ပြောင်းဖူးတွေကို အချိန်မီမဆွတ်ခူးနိုင်ရင်လဲ ပြောင်းစေ့တွေကြွေပြီး ပျက်စီးဆုံးရှုံးမှုတွေများကြတယ်။

ပြောင်းတွေကို စီးပွားဖြစ်ထက် ဝမ်းစာအတွက် စိုက်ပျိုးသိမ်းဆည်းကြတယ်။ အစေ့ကိုကြိတ်ခွဲပြီး ပြုတ်စားတယ်။ ဟင်းသီးဟင်းရွက်တွေနဲ့ ရောပြီးပြုတ်စားရင်တော့ **ဘူးသီး** လို့ခေါ်ပြီး အသားနဲ့ရောပြီး ပြုတ်စားရင်တော့ **ဆာဘူးသီး** လို့ခေါ်တယ်။ ပြောင်းစေ့တွေကို အမှုန့်ကြိတ်ပြီး မုန့်လုပ်စားတယ်။ အဲဒီအပြင် အစေ့ထုတ်ပြောင်းကို တိရစ္ဆာန်အစာအဖြစ်လဲ အသုံးပြုကြတယ်။ ပြောင်းပင်တွေရဲ့ကြားမှာ ပဲစင်းငုံ၊ နေကြာ၊ နှမ်းနဲ့ အာလူးတွေကို ကြားညှပ်စိုက်ပျိုးကြပါတယ်။ အဲဒီလို စိုက်ပျိုးတဲ့အတွက် ဝင်ငွေပိုမို ရရှိပါတယ်။ အဲဒီဝင်ငွေကို မိသားစု ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုရေးတွေမှာ အသုံးပြုကြရတယ်။

**မေးခွန်းများ**

(၁) ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် အစေ့ထုတ်ပြောင်းကို လအလိုက် မည်ကဲ့သို့ စိုက်ပျိုးကြသနည်း။ ပေးထားသော နမူနာဇယားတွင် ဖြည့်စွက်ပါ။

| ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
|---|---|---|---|---|---|---|---|---|---|
| တောခုတ်၊ နေလှန်း၊ မီးရှို့ | | | | | | | | | ချိုးယူ ဆွတ်ခူးခြင်း |

(၂) အနောက်ဘက်တောင်တန်းဒေသတွင် အစေ့ထုတ်ပြောင်းကို အဘယ်ကြောင့် နေရာရွှေ့ပြောင်း၍ စိုက်ပျိုးကြသနည်း။

(၃) အစေ့ထုတ်ပြောင်းပင်များကို တိရစ္ဆာန်များဖျက်ဆီးမှုမှ မည်သို့ကာကွယ်ကြသနည်း။

(၄) သီးနှံများကို ကြားညှပ်စိုက်ပျိုးခြင်းသည် မည်သည့်အကျိုးကျေးဇူး ရရှိသနည်း။

(၅) ပြောင်းစိုက်တောင်သူများ တွေ့ကြုံရသည့် အခက်အခဲနှင့် ဖြေရှင်းပုံကိုရေးပါ။

| တွေ့ကြုံရသောအခက်ခဲ | ဖြေရှင်းပုံ |
|---|---|
| ------------------------------ | ------------------------------ |
| ------------------------------ | ------------------------------ |
| ------------------------------ | ------------------------------ |
| ------------------------------ | ------------------------------ |

## လေ့ကျင့်ခန်း

လုပ်ငန်း (၁) အနောက်ဘက်တောင်တန်းဒေသအကြောင်း သင်လေ့လာခဲ့ပြီးနောက် သိရှိသည်များကို ရေးပါ။

- မြေမျက်နှာသွင်ပြင်
- ရာသီဥတု
- နေထိုင်သည့်လူမျိုး
- အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်


လုပ်ငန်း (၂) အနောက်ဘက်တောင်တန်းဒေသ၏မြေမျက်နှာသွင်ပြင်အနေအထားနှင့် ရာသီဥတုအရ လူတို့လုပ်ကိုင်နေထိုင် စားသောက်ကြပုံကို ဆက်စပ်၍ မှတ်စုရေးပါ။




DBE BOX

# အခန်း (၄) ပုဂံခေတ်

## (၄–၁) ပုဂံနိုင်ငံတော်ကို ညောင်ဦးဒေသမှာ ဘာကြောင့် တည်ထောင်ခဲ့တာလဲ






ညောင်ဦးဒေသရှိ ပုဂံမြို့ပြပုံ





ရှေးမြန်မာတို့သည် အေဒီ ၉ ရာစု နောက်ပိုင်းတွင် ရှမ်းကုန်းပြင်မြင့်မှ မြန်မာနိုင်ငံအလယ်ပိုင်းမြေနိမ့်ဒေသသို့ ဝင်ရောက်လာခဲ့ကြသည်။ ကျောက်ဆည်နယ်နှင့် မင်းဘူးနယ်များတွင် အခြေချနေထိုင်ပြီးနောက် နယ်မြေချဲ့ထွင်ကာ နိုင်ငံထူထောင်ခဲ့ကြသည်။

နိုင်ငံကို စီမံအုပ်ချုပ်နိုင်ရန်အတွက် ဗဟိုအချက်အချာကျသော ညောင်ဦးဒေသကို ရွေးချယ်ခဲ့ကြသည်။ ညောင်ဦးဒေသသည် ကျောက်ဆည်၏အနောက်ဘက်၊ မင်းဘူး၏ မြောက်ဘက်တွင်ရှိပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဆုံရာအရပ်မှ တောင်ဘက် ၆၅ ကီလိုမီတာ (မိုင် ၄၀) ခန့် အကွာတွင် တည်ရှိသည်။

ညောင်ဦးဒေသတွင် ပျဉ်ပြားမင်း(၈၄၆-၈၇၈)သည် ပုဂံမြို့ကို ကျုံး၊ မြို့ရိုးနှင့်တကွ အခိုင်အမာတည်ဆောက်ခဲ့သည်။ ပုဂံကို အရိမဒ္ဒနပူရဟုလည်းခေါ်ဆိုပြီး ရန်သူကို အောင်နိုင်သောမြို့ ဟု အဓိပ္ပာယ်ရပါသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ ပုဂံမြို့ကို တည်ထားသဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်းသွားလာရေးလွယ်ကူသည်။ ပုဂံနေပြည်တော်သည် စိုက်ပျိုးရေးကောင်းမွန်သော ဒေသများကို အခြေပြု၍ တည်ထောင်ထားခြင်းဖြစ်သည်။



သရပါတံခါး




ပုဂံခေတ်အုပ်ချုပ်ရေးပိုင်နက် နယ်မြေပြမြေပုံ

ပုဂံမင်းများအနက် အနော်ရထာမင်းသည် အထင်ရှားဆုံးသော မင်းဖြစ်သည်။ အနော်ရထာမင်းသည် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်သည်အင်အားရရှိရန် ဆယ်ပြုမြို့၊ ရာပြုမြို့၊ ထောင်ပြုမြို့များကို တည်ထောင်ခဲ့သည်။ ပြည်ပအန္တရာယ်ကို ကာကွယ်နိုင်ရန် ကင်းတပ်စခန်းမြို့များကို တည်ဆောက်ခဲ့သည်။ ပတ်ဝန်းကျင်ရှိ နိုင်ငံငယ်များကို သိမ်းသွင်းခဲ့သည်။ ထို့ကြောင့် ပုဂံနိုင်ငံတော်သည် ကြီးမားကျယ်ပြန့်လာခဲ့သည်။

ပုဂံခေတ်အုပ်ချုပ်ရေးပိုင်နက်ကို မူလအခြေချနေထိုင်သည့် ဒေသများအား ခရိုင်၊ တိုးချဲ့ထားသော ဒေသများအား တိုက် ဟု သတ်မှတ်ပြီး ခရိုင်၊ တိုက်နှင့် တိုက်ခိုက်သိမ်းသွင်းထားသောဒေသအားလုံးကို ပေါင်းစည်းကာ နိုင်ငံဟူ၍ ခွဲပြီးအုပ်ချုပ်ခဲ့သည်။

**မေးခွန်း** အနော်ရထာမင်းသည် ပုဂံနိုင်ငံတော်ကို မည်ကဲ့သို့ အုပ်ချုပ်ခဲ့သနည်း။


## (၄–၂) ပုဂံနိုင်ငံတော် ဘာကြောင့် အချိန်ကြာမြင့်စွာ တည်တံ့ခဲ့သလဲ



ပုဂံဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးခေါင်ရေရှားဒေသများတွင် ဆည်မြောင်း၊ တာတမံများဖောက်လုပ်၍ ရေသွင်းစိုက်ပျိုးရေးကို ဆောင်ရွက်ခဲ့သည်။ မိုးများသောဒေသတွင်မူ မိုးရေကိုအမှီပြု၍ စိုက်ပျိုးကြသည်။ အနော်ရထာမင်းလက်ထက်တွင် ဆည်ကြီးများကို စနစ်တကျ တည်ဆောက်ခဲ့သည်။ မိတ္ထီလာကန်ကြီးကို ပြန်လည်ပြုပြင်ခဲ့ပြီး ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းကိုလည်း တိုးချဲ့လုပ်ဆောင်ခဲ့သည်။ ဆည်မြောင်းများတည်ဆောက်ပေးထားသောကြောင့် လယ်တွင်းကိုးခရိုင်ဒေသသည် ရှေးမြန်မာတို့၏ စပါးကျီအဖြစ်ထင်ရှားခဲ့သည်။

# အခန်း (၄) ပုဂံခေတ်



စိုက်ပျိုးရေးတွင် လယ်၊ ယာ၊ ကိုင်းနှင့် ဥယျာဉ်ခြံဟူ၍လေးမျိုးခွဲခြား စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးရေးနှင့်တွဲဖက်၍ ကျွဲ၊ နွားများမွေးမြူကြသည်။ ပုဂံခေတ်တွင် စိုက်ပျိုးရေးသာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ကူးသန်းရောင်းဝယ်မှုရှိခဲ့သည်။ ကူးသန်းရောင်းဝယ်ရာတွင် ငွေကြေးအဖြစ် သတ္တုတစ်မျိုးမျိုးကို ချိန်တွယ်၍ သုံးစွဲခဲ့ကြပြီး ကုန်ပစ္စည်းချင်း ဖလှယ်သည့်နည်းကိုလည်း အသုံးပြုခဲ့ကြပါသည်။ အလေးချိန်နှင့် အချိန်အတွယ်တို့ကို တစ်နိုင်ငံလုံးတစ်ပြေးညီတူညီအောင် သတ်မှတ်ဆောင်ရွက်ခဲ့သည်။




ကျန်စစ်သားမင်းသည် ဉာဏ်အမြော်အမြင်ကြီးမားပြီး တရားမျှတစွာ အုပ်ချုပ်သည့်မင်းဖြစ်သောကြောင့် အနော်ရထာမင်းတည်ထောင်ခဲ့သော ပုဂံနိုင်ငံတော်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းပြည်စည်းလုံးညီညွတ်ရေးအတွက် မွန် ဗမာချစ်ကြည်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ မွန်ပညာရှိများကို နန်းတွင်းမှူးမတ်များအဖြစ် ခန့်ထားပြီး မွန်မင်းသမီးခင်ဦးကို မိဖုရားမြှောက်၍ နန်းတက်ပွဲကို မွန်ဓလေ့ထုံးစံအတိုင်း ကျင်းပခြင်းများ ပြုလုပ်ခဲ့သည်။



ကျန်စစ်သားမင်းသည် မွန်စာပေနှင့် ယဉ်ကျေးမှုအစဉ်အလာကိုလည်း လေးစားခဲ့သည်။ နန်းတည်မော်ကွန်းကျောက်စာကိုလည်း မွန်ဘာသာဖြင့်ရေးထိုးခဲ့သည်။ ပုဂံခေတ်နိုင်ငံတော်တိုးတက်တည်တံ့စေရန်အတွက် မွန် ဗမာချစ်ကြည်ရေးကို ရှေးရှုကာ မြေးတော် အလောင်းစည်သူကို ထီးနန်းလွှဲအပ်ခဲ့သည်။ ကျန်စစ်သားမင်းသည် ဆန်စပါးရိက္ခာနှင့် အဝတ်တန်ဆာများကိုပေးကမ်းကာ တိုင်းသူပြည်သားတို့၏ ဆင်းရဲကျပ်တည်းမှုလျော့ကျစေရန် အလေးပေးဆောင်ရွက်ခဲ့သည်။

## အခန်း (၄) ပုဂံခေတ်




ပုဂံနိုင်ငံတော်၏ အုပ်ချုပ်ရေးမှာ သက်ဦးဆံပိုင်အုပ်ချုပ်ရေးဖြစ်သည်။ ဘုရင့်အမိန့်ဟူသမျှသည် ဥပဒေဖြစ်သည်။ ဘုရင်သည် မင်းကျင့်တရားဆယ်ပါး၊ ဗုဒ္ဓဘာသာအဆုံးအမများ၊ အစဉ်အလာဓလေ့ထုံးတမ်းများနှင့် ပညာရှိမှူးမတ်များ၏ အကြံပြုချက်များကို လေးစားလိုက်နာသည်။ တိုင်းပြည်ကာကွယ်ရေး၊ ဘာသာသာသနာတိုးတက်ရေး၊ နိုင်ငံတော်စည်ပင်ရေး၊ တရားစီရင်ရေးကိစ္စများကို မှူးမတ်များ၊ အမှုထမ်းများနှင့်အတူ စနစ်တကျစီမံဆောင်ရွက်ကြသည်။ ပုဂံခေတ်လူမှုအဖွဲ့အစည်းတွင် ပျူ၊ သက်၊ ဗမာ၊ ကန်တူ၊ တောင်သူ၊ ချင်း၊ ရခိုင်နှင့် လဝ စသည့် တိုင်းရင်းသားများနေထိုင်ခဲ့ကြသည်။ လူမှုဘဝတွင်လည်း မိသားစုစနစ်ကို အခြေခံ၍ နေထိုင်ကြသည်။ ဘာသာတရား ယုံကြည်ကိုင်းရှိုင်းကာ အလှူအတန်း ရက်ရောသူများဖြစ်သည်။

# အခန်း (၄) ပုဂံခေတ်



ပုဂံခေတ်တွင် အသက်မွေးဝမ်းကျောင်းမှုပေါ်မူတည်၍ လူတန်းစားကွဲပြားသည်။ ၎င်းတို့မှာ မင်းဆွေမင်းမျိုးများ၊ မင်းမှုထမ်းများ၊ အသည်များ၊ ကျွန်များ ဖြစ်ကြသည်။ မင်းနှင့်မင်းဆွေမင်းမျိုးများသည် အုပ်ချုပ်သူလူတန်းစားများ ဖြစ်ကြသည်။ မင်းမှုထမ်းများတွင် မှူးမတ်များ၊ ရဲမက်များနှင့် စာရေး၊ စာချီများပါဝင်သည်။ အသည်များတွင် မင်းမှုထမ်းမဟုတ်သော ကုန်သွယ်လယ်လုပ်သူများနှင့် လက်မှုပညာသည်များပါဝင်သည်။ ကျွန်လူတန်းစားတွင် သာသနာ့ကျွန်နှင့် အိမ်ကျွန်ဟူ၍ နှစ်မျိုးခွဲခြားထားသည်။

**မေးခွန်း** ပုဂံနိုင်ငံတော် အဘယ်ကြောင့် အချိန်ကြာမြင့်စွာ တိုးတက်စည်ပင်ခဲ့သနည်း။ ထိုအကြောင်းအရင်းများကို ရှင်းပြပါ။

## (၄–၃) ပုဂံခေတ်မှာ ဘယ်လိုယဉ်ကျေးမှုတွေထွန်းကားခဲ့သလဲ



ပုဂံခေတ်တွင် နတ်ကိုးကွယ်သူများ၊ ဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာ ယုံကြည်သူများ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။ အနော်ရထာမင်းသည် မွန်ရဟန်းတော် ရှင်အရဟံ၏ အကူအညီဖြင့် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားအောင် ကြိုးပမ်းခဲ့သည်။ သထုံမှ ပိဋကတ်တော်များ၊ ကျမ်းဂန်တတ်ရဟန်းတော်များကို ပုဂံသို့ပင့်ဆောင်ခဲ့သည်။ ဗုဒ္ဓသာသနာ တည်တံ့စေရန် စေတီပုထိုးများ၊ ပိဋကတ်တိုက်များ၊ ဘုန်းကြီးကျောင်းများ ဆောက်လုပ် လှူဒါန်းကြသည်။



ပုဂံခေတ်ပြည်သူတွေရဲ့ကိုးကွယ်ယုံကြည်မှုကို လေ့လာကြည့်ကြရအောင်



ပုဂံခေတ်တွင် စေတီပုထိုးများစွာရှိသည့်အနက် ရွှေစည်းခုံ၊ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီးစသည်တို့မှာ ထင်ရှားသည်။ သံသရာဆင်းရဲမှ လွတ်မြောက်စေရန် ရည်မှန်း၍ မြေယာ၊ ကျေးကျွန်နှင့် ဥစ္စာပစ္စည်းများကို လှူဒါန်းပေးကမ်းကြသည်။ ဘုရားဆုပန်ခြင်း၊ နိဗ္ဗာန်ဆုတောင်းခြင်း အလေ့အထများရှိခဲ့ကြောင်း ကျောက်စာများတွင် ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။

# အခန်း (၄) ပုဂံခေတ်








ပုဂံခေတ်တွင် ပျူ၊ မွန်၊ ပါဠိ၊ မြန်မာစာပေ အရေးအသားတို့ကိုတွေ့ရှိခဲ့သည်။ မြန်မာစာပေသည် ၁၁ ရာစု ပုဂံခေတ်အစောပိုင်းကာလ၌ စတင်ထွန်းကားခဲ့သည်။ မြစေတီကျောက်စာသည် ပုဂံခေတ်တွင်ရေးထိုးခဲ့သော ကျောက်စာများအနက် အထင်ရှားဆုံးကျောက်စာဖြစ်သည်။ ထိုကျောက်စာကို ကျန်စစ်သားမင်း၏ သားတော် ရာဇကုမာရ်မင်းသားက ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဘာသာလေးမျိုးဖြင့် ရေးထိုးခဲ့သည်။



ပျူစာအရေးအသား



မွန်စာအရေးအသား



ပါဠိစာအရေးအသား




မြန်မာစာအရေးအသား

ပုဂံခေတ် ကျောက်စာများတွင် ပုဂံခေတ်သုံးဝေါဟာရများ၊ ပုဂံခေတ် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ဘာသာရေးဆိုင်ရာ အကြောင်းအရာများပါဝင်သည်။ ထို့ကြောင့် ပုဂံခေတ်ကျောက်စာများသည် မြန်မာစာပေအတွက် အရေးပါသော စာပေအထောက်အထားများဖြစ်သည်။ ကျောက်စာများအပြင် နံရံဆေးရေးမင်စာများနှင့် ခေါင်းလောင်းစာများကိုလည်း ရေးသားခဲ့ကြသည်။

**မေးခွန်း** ပုဂံခေတ် မြစေတီကျောက်စာကို ရေးထိုးရာ၌ အဘယ်ကြောင့် ဘာသာစကားလေးမျိုးကို သုံးစွဲခဲ့သည်ဟု သင်ထင်ပါသနည်း။

# အခန်း (၄) ပုဂံခေတ်



**မြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်လာပုံ**

ပုဂံခေတ် နံရံဆေးရေးပန်းချီကား

ပုဂံခေတ်တွင် ဗုဒ္ဓဘာသာကို အခြေခံထားသော ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စသောဗိသုကာ အနုပညာ လက်ရာများကို သာသနာ့အဆောက်အအုံများတွင် တွေ့ရှိရသည်။ ၅၅၀ ဇာတ်တော်များနှင့် ဗုဒ္ဓဝင်နံရံဆေးရေးပန်းချီတို့ကို ဂူဘုရားအတွင်းနံရံပေါ်၌ ရေးဆွဲကြသည်။ ပုဂံခေတ် ပန်းချီ၊ ပန်းပု၊ ဗိသုကာ အနုပညာလက်ရာများသည် အဆင့်အတန်းမြင့်မားသော လက်ရာများဖြစ်သည်။ နေ့စဉ် လူနေမှုဘဝတွင် အသုံးပြုသော အလှအပတန်ဆာဆင်ပစ္စည်းများနှင့် လယ်ယာသုံးပစ္စည်းများကိုလည်း ကျွမ်းကျင်စွာပြုလုပ်သုံးစွဲခဲ့ကြသည်။

စေတီ၊ ပုထိုး၊ ကျောင်းနှင့် ဂူဘုရားများဆောက်လုပ်ရာတွင် အဆောက်အအုံ အတွင်းအုတ်စီပုံစနစ်ကျခြင်း၊ ထုထည်ကြီးမားခြင်း၊ အလင်းအမှောင်ယူပုံစနစ်ကျခြင်း တို့ကို တွေ့ရှိနိုင်သည်။ ခေတ်ဦးဂူဘုရားများသည် အတွင်းပိုင်းမှောင်ပြီး နိမ့်သောပုံစံရှိ သည်။ နန်းဘုရား၊ ပုထိုးသားများဘုရားနှင့် အပယ်ရတနာဘုရားတို့သည် ခေတ်ဦး ဂူဘုရားများ ဖြစ်ကြသည်။ အာနန္ဒာဘုရားသည် လက်ရာအလွန်မြောက်သော ခေတ်လယ် ဂူဘုရားဖြစ်သည်။ ခေတ်နှောင်းဂူဘုရားများသည် အတွင်းပိုင်း၌ အလင်းရောင် ကောင်းစွာရရှိပြီး မြင့်မားသောအသွင်ရှိသည်။ သဗ္ဗညုဘုရားသည် ခေတ်နှောင်းဂူဘုရား ဖြစ်သည်။


နန်းဘုရား


အာနန္ဒာဘုရား


သဗ္ဗညုဘုရား

ပုဂံခေတ်စေတီများကို ပစ္စယာအဆင့်နှင့် စေတီလုံးပတ်ပုံစံကိုကြည့်၍ ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်းဟူ၍ ယေဘုယျခွဲခြားနိုင်သည်။ လောကနန္ဒာစေတီသည် ပစ္စယာသုံးဆင့်ရှိ ပြောင်းတိုင်နှင့်တူသော ခေါင်းလောင်းပုံစေတီဖြစ်ပြီး ခေတ်ဦး လက်ရာဖြစ်သည်။ ရွှေဆံတော်စေတီသည် ပစ္စယာငါးဆင့်ရှိ ခေါင်းလောင်းပုံစေတီ ဖြစ်ပြီး ခေတ်လယ်ပုံစံဖြစ်သည်။ ရွှေစည်းခုံနှင့် မင်္ဂလာစေတီတို့သည် ပစ္စယာသုံးဆင့်ရှိ ထုချွန်နှင့်တူသောခေါင်းလောင်းပုံစေတီဖြစ်ပြီး ခေတ်နှောင်းပုံစံ ဖြစ်သည်။


လောကနန္ဒာစေတီ


ရွှေဆံတော်စေတီ


မင်္ဂလာစေတီ

**မေးခွန်း** ပုဂံခေတ်ယဉ်ကျေးမှု အကြောင်းအရာများအနက်မှ တစ်ခုကိုရွေးပါ။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ထင်ရှားသည်များကို ရှင်းပြပါ။

## (၄–၄) ပုဂံနိုင်ငံတော် နောက်ဆုံးအခြေအနေ ဘယ်လိုဖြစ်သွားသလဲ



ပုဂံနိုင်ငံတော် အင်အားကျဆင်းရတဲ့ အကြောင်းတွေကို လေ့လာကြည့်ကြရအောင်

အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့ထူထောင်ခဲ့သော ပုဂံနိုင်ငံတော်သည် ပုဂံခေတ်နှောင်းကာလတွင် တိုင်းပြည်အုပ်ချုပ်သောမင်းတို့၏ အုပ်ချုပ်ရေးအရည်အချင်း ညံ့ဖျင်းမှုကြောင့် ပုန်ကန်ထကြွမှုများပေါ်ပေါက်ခဲ့ပြီး ပြည်ပမှ မွန်ဂိုတို့၏ ကျူးကျော်မှုများ ခံခဲ့ရသည်။ ပြည်တွင်းမငြိမ်သက်မှုနှင့်အတူ စီးပွားရေးကျဆင်းခဲ့ရသည်။ ရှမ်းညီနောင်သုံးဦးကလည်း ပုဂံနှင့်အပြိုင် မြို့ပြနိုင်ငံများ တည်ထောင်ခဲ့ကြသည်။ ထို့ကြောင့် ပုဂံနိုင်ငံတော်သည် စည်းလုံးမှုပြိုကွဲကာ တဖြည်းဖြည်းအင်အားကျဆင်းသွားခဲ့ရသည်။

**မေးခွန်း** ပုဂံနိုင်ငံတော်အင်အားကျဆင်းရတဲ့ အကြောင်းအရာက ဘာဖြစ်မယ်ထင်သလဲ။ အင်အားမကျဆင်းအောင် ဘယ်လိုလုပ်ရမယ်ထင်သလဲ။

ယူနက်စကို(ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့) သည် မြစေတီကျောက်စာကို ကမ္ဘာ့မှတ်တမ်းဝင်အမွေအနှစ်အဖြစ် ၂၀၁၅ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုမြို့ဖြစ်သော ပုဂံမြို့သည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်မြို့ ဖြစ်လာသည်။



DBE BOX

## လေ့ကျင့်ခန်း

လုပ်ငန်း (၁)    အောက်ပါတို့ကို ယှဉ်တွဲပါ။

| ဂူဘုရား၊ စေတီ | | ခေတ် |
|---|---|---|
|   | • | ■ ခေတ်ဦး |
|   | • | ■ ခေတ်လယ် |
|   | • | ■ ခေတ်နှောင်း |

လုပ်ငန်း (၂)    အောက်တွင်ပေးထားသော ပုဂံနိုင်ငံတော်အကြောင်းကို အတန်းဖော်များနှင့် အတူ ဆွေးနွေးပါ။ ဆွေးနွေးပြီးနောက် ထိုအကြောင်းအရာတို့ကို အကျဉ်းချုပ် ရေးပါ။

(က) ပုဂံနိုင်ငံတော် ထူထောင်ခြင်း
(ခ) ပုဂံနိုင်ငံတော် တိုးတက်လာခြင်း
(ဂ) ပုဂံနိုင်ငံတော် အင်အားကျဆင်းလာခြင်း

လုပ်ငန်း (၃)    ပုဂံခေတ် ယဉ်ကျေးမှုအကြောင်းအရာများကို အုပ်စုအလိုက် ဆွေးနွေးပါ။ ဆွေးနွေးပြီးနောက် ထိုယဉ်ကျေးမှုအပေါ် သင်၏ထင်မြင်ချက်များကိုရေးပါ။

DBE Box


# အခန်း (၅) တောင်ငူခေတ်

## (၅-၁) တောင်ငူ အင်အားကြီးမားလာပြီး နိုင်ငံတော်ကို ဘယ်လို ထူထောင်ခဲ့သလဲ



တောင်ငူ ဘယ်လိုအင်အားကြီးမားလာသလဲ လေ့လာကြည့်ရအောင်


ပုဂံနိုင်ငံတော် အင်အားကျဆင်းသွားပြီးနောက် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီစသည့် ပဒေသရာဇ်နိုင်ငံငယ်လေးများ ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အောက်ပိုင်းတွင် အင်းဝနှင့် ဟံသာဝတီတို့ အင်အားကြီးမားလာခဲ့သည်။ ပဒေသရာဇ်နိုင်ငံငယ်များအချင်းချင်း စစ်ပွဲများဖြစ်ပွားလာခဲ့သည်။ အင်းဝနှင့် ဟံသာဝတီတို့ ဖြစ်ပွားခဲ့သည့် စစ်ပွဲမှာ နှစ်ပေါင်းလေးဆယ် ကြာမြင့်ခဲ့သည်။ ထိုစစ်ပွဲကို အနှစ်လေးဆယ်စစ်ပွဲဟုခေါ်သည်။ စစ်ပွဲဖြစ်ပွားသည့်ဒေသများမှ လူအမြောက်အမြားသည် စစ်လမ်းကြောင်းနှင့်ကင်းဝေးသော တောင်ငူသို့ ပြောင်းရွှေ့လာကြသည်။ ထို့ကြောင့် တောင်ငူသည် အင်အားကြီးမားလာခဲ့သည်။




အင်းဝ၊ တောင်ငူနှင့် ဟံသာဝတီ တည်နေရာပြမြေပုံ

**မေးခွန်း** အနှစ်လေးဆယ်စစ်ပွဲသည် လူတို့အပေါ် မည်သို့ သက်ရောက်မှု ရှိပါသနည်း။


## အခန်း (၅) တောင်ငူခေတ်




မင်းကြီးညိုသည် တောင်ငူတွင် ၁၄၈၅ ခုနှစ်မှစ၍ ထီးနန်းစိုးစံခဲ့ပြီး အနီးအနားရှိ ဒေသများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ အင်းဝဘုရင်ထံမှ ကျောက်ဆည်နယ်ကို ရရှိလိုက်သောကြောင့် တောင်ငူ၏စီးပွားရေးမှာ တိုးတက်လာခဲ့သည်။ ဟံသာဝတီကို တိုက်ခိုက်ရန် ကြံရွယ်နေစဉ် မင်းကြီးညိုနတ်ရွာစံခဲ့သည်။

မင်းကြီးညိုနတ်ရွာစံပြီးနောက် သားတော်တပင်ရွှေထီးက ထီးနန်းကိုဆက်ခံ၍ ပြိုကွဲနေသော နိုင်ငံငယ်များကို သိမ်းသွင်းရန်ကြိုးစားခဲ့သည်။ တပင်ရွှေထီးသည် ဟံသာဝတီကို သိမ်းပိုက်နိုင်ခဲ့သည်။ ဟံသာဝတီတပ်များ ပြည်မြို့သို့ဆုတ်ခွာခဲ့သည်။ ထို့နောက် တပင်ရွှေထီးက ရေကြောင်းမှဦးဆောင်ပြီး ဘုရင့်နောင်က ကုန်းကြောင်းမှ ဦးဆောင်ကာ ဟံသာဝတီတပ်များကို လိုက်လံတိုက်ခိုက်ခဲ့သည်။ နောင်ရိုးသို့ရောက်လျှင် ဘုရင့်နောင်သည် မြစ်ကိုကူး၍ ဟံသာဝတီတပ်ကို ရှုပ်ရှုပ်ချချတိုက်ခိုက်နိုင်ခဲ့သည်။ ထို့နောက် တပင်ရွှေထီးသည် ပြည်နှင့် မုတ္တမကို သိမ်းသွင်းပြီး နေပြည်တော်ကို တောင်ငူမှ ဟံသာဝတီမြို့သို့ ပြောင်းရွှေ့နန်းစံခဲ့သည်။ မွန်ထုံးစံနှင့်အညီ ဘုရင်အဖြစ် ခံယူပြီး မွန်ခေါင်းဆောင်များကို ထိုက်တန်သောရာထူးများ ချီးမြှောက်ကာ မွန် ဗမာ စည်းလုံးရေးကို ကြိုးပမ်းခဲ့သည်။

တောင်ငူခေတ် ဘုရင့်နောင်ပိုင်နက်နယ်မြေပြမြေပုံ




တပင်ရွှေထီး နတ်ရွာစံပြီးနောက် ယောက်ဖတော်သူ ဘုရင့်နောင်သည် တိုင်းပြည်တည်ငြိမ်အောင် ထိန်းသိမ်းခဲ့သည်။ ဘုရင့်နောင်သည် တောင်ငူကို ဦးစွာတိုက်ခိုက်သိမ်းယူခဲ့ပြီး ဟံသာဝတီကိုလည်း တိုက်ခိုက်အောင်မြင်ခဲ့သည်။

ထို့ပြင် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သည့် အရှေ့ဘက်ရှိ မြို့ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့သည်။

ဘုရင့်နောင်သည် အယုဒ္ဓယဘုရင်ထံမှ ဆင်ဖြူတော်နှစ်စီး တောင်းခံခဲ့ရာ နှစ်နိုင်ငံ စစ်ဖြစ်ပွားခဲ့ကြသည်။ အယုဒ္ဓယကို အောင်နိုင်ခဲ့ပြီး အယုဒ္ဓယဘုရင်နှင့် သားသမီးတို့ကို ဟံသာဝတီသို့ ခေါ်ဆောင်ခဲ့သည်။

ဘုရင့်နောင်သည် မြန်မာနိုင်ငံ တစ်ဝန်းလုံးနီးပါးကို သိမ်းသွင်းနိုင်ခဲ့သည်။ အယုဒ္ဓယ၊ လင်ဇင်း၊ ဇင်းမယ်တို့ကို တိုက်ခိုက်လွှမ်းမိုး အောင်နိုင်ခဲ့သဖြင့် ကျယ်ပြန့်သော ဟံသာဝတီဧကရာဇ်နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။ ဘုရင့်နောင်နတ်ရွာစံသည်အထိ အယုဒ္ဓယသည် မြန်မာတို့၏ လက်အောက်ခံဖြစ်ခဲ့သည်။

**မေးခွန်း** တောင်ငူခေတ်နိုင်ငံတော် အင်အားတောင့်တင်းအောင် မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း။

DBEBOX

## (၅-၂) ဒုတိယတောင်ငူခေတ် နိုင်ငံတော်ကို အင်အားတောင့်တင်းလာအောင် ဘယ်လိုလုပ်ခဲ့သလဲ



ဘုရင့်နောင်လက်ထက် တောင်ငူခေတ်နိုင်ငံတော်ဟာ အင်အားကြီး နိုင်ငံတစ်ခုဖြစ်ခဲ့တယ် သားတော် နန္ဒဘုရင်လက်ထက်မှာ အင်အားကျဆင်းခဲ့ရတယ် ဒုတိယအကြိမ် တောင်ငူခေတ်နိုင်ငံတော်ကို ပြန်လည်အင်အားတောင့်တင်းအောင် ဆောင်ရွက်ခဲ့ပုံတွေကို လေ့လာကြည့်ရအောင်

ဘုရင့်နောင်နတ်ရွာစံပြီးနောက် သားတော်နန္ဒဘုရင် ထီးနန်းဆက်ခံခဲ့သည်။ နန္ဒဘုရင်လက်ထက်တွင် လက်အောက်ခံပဒေသရာဇ်တို့ ပုန်ကန်ခဲ့ကြသည်။ တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ပူးပေါင်း၍ ဟံသာဝတီကို သိမ်းပိုက်ခဲ့ပြီး နန္ဒဘုရင်ကို လုပ်ကြံခဲ့သည်။ နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီဧကရာဇ်နိုင်ငံတော်ကြီး စည်းလုံးမှုပြိုကွဲကာ အင်အားကျဆင်းခဲ့ရသည်။

ဟံသာဝတီပျက်သုဉ်းသွားပြီးနောက် ဘုရင့်နောင်၏သားတော် ညောင်ရမ်းမင်းသားက ဒုတိယတောင်ငူခေတ်နိုင်ငံတော်ကို ပြန်လည်ထူထောင်သည်။ ထို့နောက် အင်အားပြည့်ဝလာသောအခါ အင်းဝမြို့သို့ ပြောင်းရွှေ့နန်းစံခဲ့သည်။ ထိုမင်းလက်ထက်တွင် ပဒေသရာဇ်နိုင်ငံငယ်များ ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ပဒေသရာဇ်နိုင်ငံငယ်များကို ပြန်လည်စည်းရုံးသိမ်းသွင်းနေစဉ် နာမကျန်းဖြစ်၍ နတ်ရွာစံခဲ့သည်။

ညောင်ရမ်းမင်းနတ်ရွာစံပြီးနောက် သားတော်အိမ်ရှေ့စံ အနောက်ဘက်လွန်မင်း နန်းတက်ခဲ့သည်။ အနောက်ဘက်လွန်မင်းသည် နိုင်ငံတော်ကိုပြန်လည်စည်းရုံးကာ ငြိမ်းချမ်းစည်ပင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၆၁၄ ခုနှစ်တွင် နေပြည်တော်ကို အင်းဝမှဟံသာဝတီသို့ ပြောင်းရွှေ့စိုးစံခဲ့သည်။ ဟံသာဝတီနေပြည်တော်၏ အနောက်ဘက်ရှိ ယာယီနန်းတွင် စံမြန်းနေစဉ် လုပ်ကြံခံရပြီး နတ်ရွာစံခဲ့သည်။

အနောက်ဘက်လွန်မင်း နတ်ရွာစံသောအခါ သာလွန်မင်းနန်းတက်သည်။ သာလွန်မင်းသည် စီးပွားရေးနှင့် ဘဏ္ဍာရေးကို အလေးပေးဆောင်ရွက်ခဲ့သည်။ ထိုမင်းလက်ထက်တွင် တိုင်းပြည်သာယာဝပြောသဖြင့် သာလွန်မင်းဟုခေါ်ကြသည်။ နန်းတက်စတွင် ဟံသာဝတီ၌ ထီးနန်းစိုးစံပြီး ၁၆၃၅ ခုနှစ်တွင် နေပြည်တော်ကို အင်းဝသို့ ပြောင်းရွှေ့ခဲ့သည်။


**မေးခွန်း** ဒုတိယတောင်ငူခေတ်နိုင်ငံတော် ပြန်လည်အင်အားတောင့်တင်းလာအောင် ဘုရင်များက မည်သို့လုပ်ဆောင်ခဲ့သနည်း။



သာလွန်မင်းသည် စစ်ရေးထက်ငြိမ်းချမ်းရေးကို လိုလားသော မင်းဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးနှင့် ဘဏ္ဍာရေး တိုးပွားစေရန်ဆောင်ရွက်ခဲ့သည်။ ကျောက်ဆည်နယ်တွင် စစ်သည်ရဲမက်များနှင့် စစ်သုံ့ပန်းတို့ကို ဆန်စပါးစိုက်ပျိုးစေခြင်း၊ ဆည်မြောင်းကန်ချောင်းတို့ကို ပြုပြင်ဆည်ဖို့စေခြင်း၊ လူဦးရေတိုးပွားအောင် ဆောင်ရွက်စေခြင်း၊ မြေယာအမျိုးအစား စာရင်းတို့ကို သိရှိနိုင်ရန် စစ်တမ်းကောက်ယူစေခြင်းများ ပြုလုပ်ခဲ့သည်။

အမိန့်တော်များ၊ ပြန်တမ်းများထုတ်ပြန်၍ စီမံအုပ်ချုပ်ခဲ့သည်။ သာလွန်မင်း၏ အမိန့်တော်အတိုင်း တိုင်းသူပြည်သားတို့က လိုက်နာဆောင်ရွက်ကြသဖြင့် နိုင်ငံတော် အေးချမ်းသာယာ၍ စည်ကားတိုးတက်ခဲ့သည်။








တောင်ငူခေတ်မှာ ဘယ်လိုစီးပွားရေးတွေ လုပ်ကြသလဲဆိုတာ လေ့လာကြည့်ရအောင်

စိုက်ပျိုးရေးလုပ်ငန်းသည် တောင်ငူခေတ်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်များကို တစ်နေရာမှ တစ်နေရာသို့ လှေများဖြင့် ကူးသန်းရောင်းဝယ်ခဲ့ကြသည်။ တံငါလုပ်ငန်းကိုလည်း စီးပွားဖြစ် လုပ်ကိုင်ကြသည်။ ဆင်ရိုင်းများကို ယဉ်ပါးအောင်ပြုလုပ်၍ ဒေသအသီးသီးသို့ တင်ပို့ရောင်းချသည်။

တောင်ငူခေတ်တွင် ကုန်သွယ်ရေးလုပ်ငန်း တိုးတက်ထွန်းကားခဲ့သည်။ နိုင်ငံခြားမှ ကုန်သည်များသည် ရွက်သင်္ဘောကြီးများဖြင့် ဟံသာဝတီ၊ တနင်္သာရီ၊ မုတ္တမနှင့် သန်လျင်မြို့များသို့လာရောက်၍ ကူးသန်းရောင်းဝယ်ခဲ့ကြသည်။ ပြည်ပမှမြန်မာနိုင်ငံသို့ တင်သွင်းရောင်းချသော ကုန်ပစ္စည်းများမှာ ရောင်စုံအထည်အလိပ်များ၊ ကြေးနီ၊ ဟင်္သပဒါး၊ ရောင်စုံကတ္တီပါများ၊ သိုးမွေးများ၊ ကြွေထည်များနှင့် ဟင်းခတ်အမွှေးအကြိုင်များ ဖြစ်သည်။ မြန်မာနိုင်ငံမှပြည်ပသို့ ပြန်လည်ရောင်းချသောပစ္စည်းများမှာ ဟံသာဝတီမှ သကြားခဲ၊ အင်းဝမှ ကတိုး၊ မုတ္တမမှ ချိပ်နှင့် စဉ့်အိုးကြီးတို့ဖြစ်ပါသည်။


ကုန်ပစ္စည်းများ ရောင်းဝယ်ရာ၌ ငွေနှင့် ကြေးကို ချိန်တွယ်ဖြတ်တောက်၍ ငွေကြေးအဖြစ် အသုံးပြုကြသည်။ အလေးတင်းတောင်းတို့ကို တစ်နိုင်ငံလုံး တညီတညွတ်တည်း သတ်မှတ်သုံးစွဲစေခဲ့သည်။ ပြည်ပကုန်သွယ်ရေးတွင် အိန္ဒိယ၊ ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်၊ တရုတ်တို့နှင့်ရောင်းဝယ်ခဲ့ကြသည်။ ဒတ်ချ်တို့သည် သန်လျင်၊ ဟံသာဝတီနှင့် အင်းဝတို့၌ ကုန်တိုက်များ ဖွင့်လှစ်ခဲ့ကြသည်။ နောက်ပိုင်းတွင် အင်္ဂလိပ်တို့က သန်လျင်၌ ကုန်တိုက်နှင့် သင်္ဘောကျင်းကို တည်ဆောက်ခဲ့သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်မျက်ရတနာများကို နိုင်ငံခြားသားများက အလွန်နှစ်ခြိုက်ပြီး လာရောက်ဝယ်ယူကြသည်။ ပြည်ပသွင်းကုန်ပစ္စည်းများကို ဆိပ်ကမ်းခွန်ကောက်ခံစေပြီး ဘုရင်ခန့်ထားသော ပွဲစားများမှတစ်ဆင့် ရောင်းဝယ်ခဲ့ကြသည်။



တောင်ငူခေတ်တွင် စိုက်ပျိုးရေး လုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်သဖြင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းခဲ့သည်။



တောင်ငူခေတ်လူ့အဖွဲ့အစည်း၏ လူနေမှုပုံစံတွေကို လေ့လာကြည့်ရအောင်



တောင်ငူခေတ်လူ့အဖွဲ့အစည်းတွင် အုပ်ချုပ်သူလူတန်းစားနှင့် အုပ်ချုပ်ခံလူတန်းစားဟူ၍ လူတန်းစားနှစ်ရပ်ရှိသည်။ အုပ်ချုပ်သူလူတန်းစားမှာ ဘုရင်နှင့် မင်းမှုထမ်းများဖြစ်သည်။ အုပ်ချုပ်ခံလူတန်းစားမှာ မြေရှင်များ၊ ကုန်သည်များ၊ လက်မှုပညာသည်များ၊ တောင်သူလယ်သမားများနှင့် ကျေးကျွန်များဖြစ်သည်။ အုပ်ချုပ်ခံလူတန်းစားများထဲမှ အရည်အချင်းရှိသူများသည် အုပ်ချုပ်ရေးရာထူးနေရာများတွင် ဝင်ရောက်အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။ အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးခဲ့သည်။

ဒုတိယတောင်ငူခေတ်တွင် ရာထူးအဆင့်အတန်း အလုပ်အကိုင်အရ လူတန်းစားအလွှာများ ခွဲခြားထားသည်။ ရာထူးအလိုက် တင်းကျပ်စွာ အဆင့်ခွဲထားသော်လည်း ကျွန်လူတန်းစားကို ပြင်းထန်စွာဖိနှိပ်ဆက်ဆံခြင်းမရှိကြောင်း တွေ့ရသည်။ ကျွန်များသည် ငွေကြေးတန်ဖိုးပေးလျော်နိုင်ပါက ကျွန်ဘဝမှလွတ်မြောက်နိုင်ခွင့်ရှိပြီး ရဟန်းသာမဏေ ပြုခွင့်လည်းရှိသည်။



တောင်ငူခေတ်တွင် ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေး ဖြစ်ထွန်းသည်။ တိုင်းရင်းသားပြည်သူများသည် ရာသီအလိုက် ရိုးရာပွဲတော်များကို ဆင်နွှဲကြသည်။ ချမ်းသာကြွယ်ဝသူများသာမက သာမန်လူတန်းစားများနှင့် ဆင်းရဲသားများပါ သဲပုံစေတီပွဲကို နှစ်စဉ်မပျက် ဆင်နွှဲခဲ့ကြသည်။

**မေးခွန်း** ဒုတိယတောင်ငူခေတ်သည် မည်သည့်အကြောင်းအရင်းကြောင့် အင်အားတောင့်တင်း လာရသည်ဟု ထင်သနည်း။


# (၅-၃) တောင်ငူခေတ်မှာ ဘယ်လိုယဉ်ကျေးမှုတွေ ထွန်းကားခဲ့သလဲ

တောင်ငူခေတ်ရဲ့ ကိုးကွယ်ယုံကြည်မှုတွေနဲ့ ဝတ်စားဆင်ယင်မှုတွေကို လေ့လာကြည့်ရအောင်




တောင်ငူခေတ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ တိုးတက်ထွန်းကားပြီး ဘုရင် ကိုယ်တိုင်က သာသနာကိုချီးမြှင့်ခဲ့သည်။ တောင်ငူခေတ်ဘုရင်များ သိမ်းပိုက်ထားသော ဒေသများတွင် စေတီပုထိုးများ တည်ကြသောကြောင့် ဘုရား၊ ကျောင်းကန်များ အများအပြား ပေါ်ထွန်းခဲ့သည်။ ဘုရင့်နောင်သည် ဟံသာဝတီ၌ မဟာစေတီကို တည်ဆောက်ခဲ့သည်။ မဟာစေတီပရိဝုဏ် အတွင်း၌ သုဓမ္မာဇရပ်ကို ဆောက်လုပ်ခဲ့သည်။ ရွှေမောဓောစေတီဘုရားကို ပြုပြင်၍ စေတီရံ ၂၅ ဆူကိုလည်း တည်ခဲ့သည်။ သာသနာကို အလုပ်အကျွေးပြုစုရန် လယ်မြေနှင့် ကျေးကျွန်များကို လှူဒါန်းလေ့ရှိကြသည်။ လူအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး အခြားဘာသာများကိုလည်း လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုသည်။


ဒုတိယတောင်ငူခေတ်တွင် အနောက်ဘက်လွန်မင်းသည် ရွှေတိဂုံစေတီတော်အား ထီးတော်အသစ် တင်လှူခဲ့သည်။ သာလွန်မင်းလက်ထက်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရွှေတိဂုံထီးတော်ကြီးအား ပြုပြင်လှူဒါန်းခဲ့သည်။



ထိုခေတ်တွင် စာပေပရိယတ္တိ ထူးချွန်သော သံဃာတော်များကို ဘွဲ့တံဆိပ်တော်များ ကပ်လှူသည်။ သာသနာရေးဆိုင်ရာ ကိစ္စများကို သံဃာရာဇာများကိုခန့်၍ စီမံအုပ်ချုပ်သည်။ ရဟန်းအတုအယောင်များကို မင်းမိန့်ဖြင့် လူဝတ်လဲစေပြီး သာသနာ သန့်ရှင်းအောင် ဆောင်ရွက်ခဲ့ကြသည်။

တောင်ငူခေတ် အမျိုးသမီးများသည် ဆံပင်ကိုထိပ်တွင်တင်ပြီး ဆံထုံးထုံးသည်။ ရွှေနှင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများကို ဆင်မြန်းကြသည်။ လည်ပင်းနှင့် နဖူးတွင် သနပ်ခါးထူထူလိမ်းလေ့ရှိသည်။ နန်းတွင်းသူများသည် အကောင်းစား ပိတ်ချောထည်များ၊ နိုင်ငံခြားဖြစ်အထည်များကိုဝတ်ဆင်လေ့ရှိကြပြီး ခေါင်းလိမ်းဆီမွှေးကို အသုံးပြုကြသည်။ ဒုတိယတောင်ငူခေတ်တွင် အထက်တန်းလွှာ အမျိုးသမီးများသည် အင်္ကျီလက်ရှည် သင်တိုင်းနှင့် ရှေ့ကွဲထမီတို့ ဝတ်ဆင်ကာ အဖိုးတန် လက်ဝတ်ရတနာမျိုးစုံကို ဆင်မြန်း၍ အမွှေးနံ့သာများလည်း လိမ်းခြယ်လာကြသည်။





တောင်ငူခေတ် အထက်တန်းလွှာ အမျိုးသားများသည် နိုင်ငံခြားဖြစ် အထည်ချောများဝတ်ဆင်ပြီး သာမန်လူတန်းစားများသည် အထည်ကြမ်းများကို ဝတ်ဆင်ကြသည်။ ခေါင်းတွင် ခေါင်းပေါင်းအဖြစ် အဝတ်ကို ပေါင်းကြသည်။ အထက်တန်းလွှာများသည် ခြေကျင်မသွားဘဲ လူထမ်းသည့် ဝေါယာဉ်ဖြင့်သော်လည်းကောင်း၊ မြင်းစီး၍သော်လည်းကောင်း သွားလေ့ရှိသည်။ သာမန်လူတန်းစားများသည် လမ်းသွားသည့်အခါ ဖိနပ်မပါဘဲသွားလေ့ရှိသည်။ တောင်ငူခေတ် အမျိုးသားများသည် ထိုးကွင်းမင်ကြောင်များလည်း ထိုးလေ့ရှိသည်။ ဒုတိယတောင်ငူခေတ်ရောက်သောအခါ မင်းညီမင်းသားများနှင့် အထက်တန်းလွှာများသည် ပိုး၊ ဖဲ၊ ကတ္တီပါစသည့် အကောင်းစား အထည်များပေါ်တွင် ရွှေချည်၊ ငွေချည်ထိုး၍ ဝတ်ဆင်လာကြသည်။ အထက်တန်းလွှာ အမျိုးသားများသည် လက်စကအင်္ကျီကို ဒူးဖုံးသည်အထိဝတ်ဆင်ကာ ပုဆိုးကိုခါးပုံစ ချထားသည်။

# အခန်း (၅) တောင်ငူခေတ်



တောင်ငူခေတ် စာပေတိုးတက်လာပုံနဲ့ အနုပညာဗိသုကာလက်ရာတွေကို လေ့လာကြည့်ရအောင်

တောင်ငူခေတ်တွင် မြန်မာစာပေ အထူးတိုးတက်လာခဲ့သည်။ ပါဠိ၊ မွန်၊ ရှမ်းစာပေများ ထွန်းကားခဲ့သည်။ ရတုနှင့် ဧချင်းအရေးအသားများ ထင်ရှားကျော်ကြားပြီး စကားပြေအရေးအသားကောင်းများလည်း ပေါ်ပေါက်ခဲ့သည်။ တောင်ငူဘုရင် မင်းကြီးညိုသည် မိမိထံ ခိုဝင်လာသော ပညာရှိစာဆိုများကို ချီးမြှင့်မြှောက်စားသည်။




ရွှေစည်းခုံစေတီတွင် ဘုရင့်နောင် လှူဒါန်းခဲ့သော ခေါင်းလောင်း

စာဆိုပညာရှင်များက အင်းဝနှင့် ဟံသာဝတီ အနှစ်လေးဆယ် စစ်ပွဲအကြောင်းကို မှတ်တမ်းတင်ရေးသားခဲ့ကြသည်။ ဘုရင့်နောင်လက်ထက်တွင် ဝန်ကြီးဗညားဒလသည် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို မွန်ဘာသာဖြင့် ရေးသားခဲ့သည်။ မင်းမှုထမ်းများနှင့် မင်းသား၊ မင်းသမီးများလည်း စာပေရေးဖွဲ့သီကုံးလာကြသည်။

ဘုရင့်နောင်၏ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ထုံးတမ်းများ၊ ဗုဒ္ဓသာသနာကို ချီးမြှောက်သည့်ကုသိုလ်ကောင်းမှုများကို ခေါင်းလောင်းစာ ရေးထိုးခဲ့သည်။ ခေါင်းလောင်းစာကို ပါဠိ၊ မွန်၊ မြန်မာ ဘာသာတို့ဖြင့် ရေးထိုးထား၍ ထိုခေါင်းလောင်းကို ရွှေစည်းခုံစေတီ၌ လှူဒါန်းခဲ့သည်။ ထိုခေါင်းလောင်းသည် အလေးချိန်ပိဿာ ၂၀၀၀ ရှိသည်။

**မေးခွန်း** တောင်ငူခေတ် စာပေတိုးတက်မှုအပေါ် သင်၏ထင်မြင်ချက်ကိုရေးပါ။




ဘုရင့်နောင်လက်ထက်တွင် ယိုးဒယားနှင့် ဇင်းမယ်မှ လက်မှုပညာသည်များကို ခေါ်ဆောင်လာခဲ့သဖြင့် ယိုးဒယားတို့၏ အနုပညာလက်ရာ အမွေများကိုရရှိခဲ့သည်။ ၎င်းတို့၏ အနုပညာများ၊ ကကြိုးကကွက်များကို မြန်မာ့အနုပညာတွင် လက်ခံလာကြသည်။ ထို့ကြောင့် မြန်မာနှင့် ယိုးဒယားတို့ ယဉ်ကျေးမှုအရ ဆက်နွယ်ခဲ့သည်ကို တွေ့ရှိရသည်။ ဟံသာဝတီရှိ ကမ္ဘောဇသာဒီနန်းတော်ကြီးသည် ကြီးကျယ်ခမ်းနားသော အနုပညာလက်ရာအဖြစ် ထင်ရှားကျော်ကြားသည်။

ဒုတိယတောင်ငူခေတ်တွင် ထင်ရှားသော ဗိသုကာ အနုပညာလက်ရာ တစ်ခုမှာ သာလွန်မင်းတည်ခဲ့သော စစ်ကိုင်းမြို့ရှိ အလွန်ထုထည်ကြီးမားလှသည့် ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီပင်ဖြစ်သည်။

# (၅-၄) တောင်ငူခေတ်ရဲ့နောက်ဆုံးအခြေအနေ ဘယ်လိုဖြစ်သွားသလဲ



တောင်ငူခေတ်အင်အားကျဆင်းရတဲ့အကြောင်းကို လေ့လာကြည့်ကြရအောင်

နန္ဒဘုရင်လက်ထက်တွင် လက်အောက်ခံပဒေသရာဇ်နိုင်ငံငယ်များ၏ ပုန်ကန်မှုများကြောင့် နိုင်ငံ၏ စီးပွားရေးကို များစွာထိခိုက်လာခဲ့သည်။ စစ်ပွဲများဖြစ်ပွားချိန်တွင် တိုင်းသူပြည်သားများ စစ်မှုထမ်းကြရသောကြောင့်လည်းကောင်း၊ စစ်ဘေးမှထွက်ပြေးတိမ်းရှောင်ကြရသောကြောင့်လည်းကောင်း လယ်ယာလုပ်ကိုင်သူနည်းပါးကာ စားနပ်ရိက္ခာရှားပါးလာခဲ့သည်။ စစ်ပွဲများကြောင့် လူအင်အား၊ ငွေအင်အားများ ဆုံးရှုံးခဲ့ရပြီး လက်အောက်ခံမြို့စား၊ နယ်စားများ၏ ပုန်ကန်မှုများကြောင့် တောင်ငူခေတ်နိုင်ငံတော် အင်အားဆုတ်ယုတ်ကျဆင်းခဲ့ရသည်။

ဒုတိယတောင်ငူခေတ်တွင် ညောင်ရမ်းမင်းသားက နိုင်ငံကိုပြန်လည်ထူထောင်ခဲ့သည်။ ညောင်ရမ်းမင်း၊ အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့သည် အရည်အသွေးပြည့်ဝကြပြီး တိုင်းပြည်ကိုသိမ်းသွင်းစည်းရုံးနိုင်ခဲ့သည်။ သို့ရာတွင် နောက်ပိုင်းထီးနန်း ဆက်ခံသောမင်းတို့၏ အရည်အချင်းညံ့ဖျင်းမှုကြောင့် စည်းရုံးရေး ပျက်ပြားလာခဲ့သည်။ ထို့ပြင် ပြည်ပမှတရုတ်နှင့် ယိုးဒယားတို့၏ ကျူးကျော်တိုက်ခိုက်မှု၊ စော်ဘွားများ၏ ပုန်ကန်ခြားနားမှုတို့ကြောင့် ဒုတိယတောင်ငူခေတ်နိုင်ငံတော်သည် အင်အားကျဆင်းခဲ့ရသည်။

၂၀၁၆ ခုနှစ်တွင် ယူနက်စကို(ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့)သည် ဘုရင့်နောင်ခေါင်းလောင်းစာကို ကမ္ဘာ့မှတ်တမ်းဝင်အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

## လေ့ကျင့်ခန်း

လုပ်ငန်း(၁) တောင်ငူခေတ်နိုင်ငံတော်အား မည်ကဲ့သို့တည်ထောင်ခဲ့သည်ကို လေ့လာပြီး အတန်းဖော်နှင့်အတူဆွေးနွေးပါ။ ထို့နောက်မှတ်စုရေးပါ။

လုပ်ငန်း(၂) တောင်ငူခေတ်၏ စီးပွားရေးလုပ်ငန်းများကို ပုဂံခေတ်နှင့်နှိုင်းယှဉ်လေ့လာကြည့်ပါက မည်သည်တို့ကွာခြားသနည်း။ အုပ်စုလိုက် ဆွေးနွေးပါ။ ထို့နောက် သင်တို့၏ ဆွေးနွေးချက်များကို ရှင်းပြပါ။

လုပ်ငန်း(၃) တောင်ငူခေတ်၏ ယဉ်ကျေးမှုအကြောင်းကို အုပ်စုလိုက် လေ့လာဆွေးနွေးပါ။ ထို့နောက် လေ့လာတွေ့ရှိချက်များကို အတန်းသို့ရှင်းပြပါ။

လုပ်ငန်း(၄) တောင်ငူခေတ်၏ စာပေများအကြောင်းကို ပုဂံခေတ်နှင့် နှိုင်းယှဉ်လေ့လာကြည့်ပါက မည်သည်တို့ကွာခြားသည်ကို ဖော်ပြပါ။